မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ရက်၊ ၂၀၁၀ခုနှစ်၊ ဇွန် ၁၂ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဖိလစ်ပိုင်သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကာပါဂဲလ် အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညခံပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါညခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီးတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Mikhail MGELADZE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ဝင် နိုင်ငံဖြစ်

အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်တွင်လည်းပါဝင်ထား

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အစဉ်တစိုက် ပါဝင်ဆောင်ရွက်နေ

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် စစ်အင်အားနိုင်ငံဖြစ်လာရန် ရည်ရွယ်ချက်မရှိ

နေပြည်တော် ဇွန် ၁၁

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲပြောကြားချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြောကြားချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းမီဒီယာများတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ နျူကလီးယားအစီအစဉ်တစ်ရပ်ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း စွပ်စွဲချက်များကို ထုတ်လွှင့်ဖော်ပြခဲ့ကြပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်)

မြေလွတ်မြေရိုင်းများဖော်ထုတ်၊ ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်သော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်ဆီသို့ လျှောက်လှမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရန်မြေဧက ၁၉ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၂၉ ဒသမ ၃၂ သန်းရှိလာခဲ့သည်။ စိုက်ပျိုးမြေများအနက် ပဲမျိုးစုံစိုက်ဧကသည် ၁၉၈၈ခုနှစ်က ၁ ဒသမ ၈ သန်းရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ဧက ၁၀ ဒသမ ၅၇ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး မက်ထရစ်တန် ၅၃ ဒသမ ၃ သိန်း ထုတ်လုပ်နိုင်ခဲ့သည်။

မြန်မာ့ပဲမျိုးစုံသည် ဈေးကွက်ရှိပြီးဖြစ်၍ ကညင်ကျိုးဒေသ ရွှေစတုဂံ လေးမြို့နယ်ဖြစ်သည့် ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီး၊ ညောင်လေးပင်မြို့နယ်တို့တွင် မတ်ပဲအထွက်တိုးရန် ကြိုးပမ်း စိုက်ပျိုးလျက်ရှိသည်။ ရွှေစတုဂံ လေးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၁၅အုပ်စု၊ တောင်သူ ၈၃၇ ဦးရှိပြီး ပဲစိုက်ဧက ၇၀၂၂ ဒသမ ၈၆ ဧကရှိသည်။

ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုးစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီသည် ကျေးလက်ဒေသပြည်သူများ အရင်းအနှီး၊ ပျိုးနှင့်ထွန်ယက်ကိရိယာများအပြည့်အဝရရှိရေး၊ မတ်ပဲအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် ပဲစိုက်ဧကအပြည့်အဝစိုက်ပျိုးနိုင်ရေး၊ ရင်းနှီးမတည်ငွေအတိုးမဲ့ရယူပြီး မတ်ပဲပေါ်ချိန် မိမိကြိုက်နှစ်သက်ရာနည်းလမ်းဖြင့် ပြန်လည်ပေးဆပ်ရေး၊ စုပေါင်းတာဝန်ယူခြင်းစနစ်ဖြင့် ကျေးရွာအတွင်း စည်းလုံးညီညွတ်မှုပိုမိုရရှိရေး၊ မိသားစုဝင်ငွေတိုးရေး ရည်ရွယ် အကောင်အထည်ဖော်လျက်ရှိသည်။

မတ်ပဲသည် ပြည်တွင်းစားသုံးရန်သာမက ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်သဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင်မြေလွတ်မြေရိုင်းများကိုတိုးချဲ့ဖော်ထုတ်၍ ရာသီဥတုနှင့်ကိုက်ညီသည့် ဒေသများတွင် ပဲမျိုးစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားပါက ပြည်တွင်း၌သာမက ပြည်ပသို့တိုင် တင်ပို့ရောင်းချခြင်းဖြင့် တောင်သူဦးကြီးများ ဝင်ငွေတိုးစေပြီး နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝန်ကြီး ဦးဌေးဦး ဇလွန်မြို့နယ် တောင်သူများနှင့်တွေ့ဆုံ

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဇွန် ၇ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့နယ် မေရီလန်းကျေးရွာအနီးရှိ ဂျပန်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးရေး ပညာပေးရေးစီမံကိန်း (Agricultural Extension Human Resources Development Project) ၏ တောင်သူပညာပေးရေးတန်းစခန်းသို့ ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

မှာကြားဖြည့်ဆည်း

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောက စီမံကိန်းဧရိယာအတွင်း ကျားကူးရိုးချောင်းကို မြောင်းဖြောင့်ပေးခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများပြီးစီးမှုနှင့် တောင်သူများ၏ လိုအပ်ချက်အရ ကျားကူးရိုးချောင်းအပြင် ယိုးဒယားချောင်းပါ တူးဖော်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၆-၂၀၁၀
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၁၁)
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **ချစ်လှူမိုက်** လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်(ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွဋ်)
၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၄၂)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၁၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) **အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယား**
၂၃။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၃၄) (ဇာတ်သိမ်းပိုင်း)

၁၃-၆-၂၀၁၀ရက်
(တနင်္ဂနွေနေ့)

၁:၀၀ ၁။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) **အင်္ဂလန်နှင့် အမေရိကန်**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာအဆင့် သင်တန်းများဖွင့်မည်

ရန်ကုန် ဇွန် ၁၁

ရတနာပုံမြို့သစ်၌ MCC Group က MCC Training Institute (ရတနာပုံ) ကို တည်ထောင်ဖွင့်လှစ်ပြီး နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ MCC Training Institute (ရတနာပုံ)ရှိ School of ICT မှ ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများကိုလည်းကောင်း၊ School of Engineering မှ အင်ဂျင်နီယာဘွဲ့ သင်တန်းများကိုလည်းကောင်း၊ မကြာမီ တိုးချဲ့ဖွင့်လှစ်မည့် School of Business Management မှ စီးပွားရေးပညာ ဘွဲ့သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အတွေ့အကြုံများရရှိ

MCC Training Institute (ရတနာပုံ)သည် သမားရိုးကျ တက္ကသိုလ်များမှ ဘွဲ့သင်တန်းများ သင်ကြားသကဲ့သို့မဟုတ်ဘဲ Supply Chain ပုံစံမျိုးဖြင့် Academic, Skill, Work Experience, Language Proficiency တို့ကို တစ်ပြိုင်တည်း ပေါင်းစပ် သင်ကြားပေးမည်ဖြစ်သည့်အတွက် Human Resource Development Supply Chain ပုံစံဟု တင်စားခေါ်ဆိုထားသည်။ အချိန်တိုအတွင်း ပြည်တွင်းမှာသာမက နိုင်ငံတကာတွင် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သော Global Employability ဖြစ်နိုင်မည့် အရည်အချင်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ရရှိနိုင်မည့် အစီအစဉ်ဖြစ်သည်။

ဆက်သွယ်နိုင်

MCC Training Institute (ရတနာပုံ)၏ School of ICT က သင်ကြားပေးမည့် အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် B.Sc (Business IT)ကွန်ပျူတာ ဘွဲ့သင်တန်းကို ဇွန် ၂၄ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့နေ ကျောင်းသား ကျောင်းသူများ Day Student အဖြစ် တက်ရောက်နိုင်မည့် Yangon Campus ကို ဇွန်၂၈ရက်တွင်လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ကျောင်းဝင်ခွင့် လျှောက်လွှာများကို တောင်းယူဖြည့်စွက်ပြီး ကျောင်းဝင်ခွင့် လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက MCC(ရုံးချုပ်) အဆောင် (၃-၄) သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၅၈၊ ၂၄၅၇၆၂၊ ၂၄၉၁၅၂၊ ၂၄၆၆၃၄ နှင့် MCC (ရတနာပုံ) International Center(3) ရတနာပုံနည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂၊ ၀၂-၇၈၁၁၄၊ ၀၉-၅၀၆၇၁၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ တောင်ငူလမ်းနေ ဦးမြဟန်-ဒေါ်ခင်စိန်မိသားစုက မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ရေလှောင်ကန်ကြီးဆောက်လုပ်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဗလာဒီမီယာ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကာ ပါဂဲလ်အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နျူကလီးယားနှင့်ပတ်သက်၍ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေပြု၍ ဖိအားပေးမှုများ ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အကျိုးပြုမည်မဟုတ်

* *ရှေ့ဖုံးမှ*

ယင်းသို့ ဝေဖန်ထုတ်လွှင့်ပြောဆိုချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာဖြစ်ပြီး နိုင်ငံရေး ထိုးနှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် ယင်းစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများမှ မမှန်မကန် ထုတ်လွှင့်မှုများဖြစ်ခြင်း၊ တပ်ပြေးအချို့နှင့် ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ စွပ်စွဲပြောကြားချက် ဇာစ်မြစ်တစ်ခုတည်းပေါ် အခြေခံထားခြင်းတို့ကြောင့် ယုံကြည်စိတ်ချရမှုနှင့် တိကျမှန်ကန်မှု မျှတမှုမရှိသည့် သတင်းများသာ ဖြစ်ပါသည်။ ယင်းသို့ အခြေအမြစ် မရှိသောစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လုံးဝ ကွာခြားလွန်းသောကြောင့်ဖြစ်၍ တုံ့ပြန်ရှင်းလင်းရန် လိုအပ်ခြင်းမရှိဟု ယူဆခဲ့ပါသည်။

ထိတွေ့ဆွေးနွေး

အမေရိကန်အစိုးရမှ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုများပြုလုပ်ရန် မူဝါဒချမှတ်ခဲ့ပြီးနောက် ယင်းမူဝါဒနှင့်အညီ အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာ ဂျင်ဝက်ဘ်နှင့် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ကာ့ဒ်ကမ်းဘဲလ်တို့သည် မြန်မာနိုင်ငံသို့ လာရောက်၍ နှစ်နိုင်ငံအကြား ထိတွေ့ဆွေးနွေးမှု လုပ်ငန်းစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။

အဟန့်အတား

ယင်းသို့ အမေရိကန်နှင့်မြန်မာဆက်ဆံရေး ပြန်လည်စတင်နေချိန်တွင် မြန်မာအစိုးရအား ဆန့်ကျင်သူများက သတင်းမီဒီယာများနှင့်ပူးပေါင်း၍ ရည်ရွယ်ချက်ရှိရှိဖြင့် မြန်မာနိုင်ငံအပေါ် နျူကလီးယားနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို အချိန်ကိုက် လုပ်ကြံဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် မြန်မာအစိုးရ အနေဖြင့် ယခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် အဟန့်အတားဖြစ်စေရန်နှင့် နိုင်ငံရေးအရ သိက္ခာကျစေရန် ထိုးနှက်လုပ်ဆောင်ခြင်းလည်း ဖြစ်ပါသည်။ ယင်းသို့သော စွပ်စွဲချက်များ ထွက်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံသို့ ဇွန်လဆန်းပိုင်းတွင် လာရောက်ရန် စီစဉ်ထားခဲ့သော အမေရိကန်အထက်လွှတ်တော် အမတ် မစ္စတာ ဂျင်ဝက်ဘ်သည် ၄င်း၏ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂမှ ပြဋ္ဌာန်းချက်များ၊ ဆုံးဖြတ်ချက်များကို အစဉ်လေးစားလိုက်နာနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အပြင် ဂျီနီဗာမြို့ရှိ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်၏ မူလအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

စီစဉ်ခဲ့

မြန်မာနိုင်ငံသည် နျူကလီးယား လက်နက်မပြန့်ပွားရေးစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းစာချုပ်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ (IAEA)၏ စောင့်ကြည့်မှု သဘောတူညီချက်ကိုလည်း ၁၉၉၅ခုနှစ်တွင် IAEA နှင့် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ဒေသတွင်းအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်တွင်လည်း ပါဝင်ထားသည့် အာဆီယံအသင်းဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေး၊ ပညာရေးနယ်ပယ်များတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပညာသင်များ စေလွှတ်ခြင်း အပြင် ရုရှားနိုင်ငံနှင့်ပူးပေါင်း၍ ၁၀မဂ္ဂါဝပ်ရှိသော နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ် ရှိခဲ့ဖူးသော်လည်း၊ လုံလောက်သည့် အရင်းအမြစ်များ မရှိခြင်း၊ နိုင်ငံတကာမှ နားလည်မှု လွဲမှားမည်စိုးခြင်းတို့ကြောင့် လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိသေးဘဲ ရပ်ဆိုင်းထားခဲ့ပါသည်။ ယင်း စီမံကိန်းကိုလည်း IAEA ၏ စောင့်ကြည့်မှု အစီအစဉ်အောက်မှနေ၍ ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် နျူကလီးယား လက်နက်ထုတ်လုပ်ရေးကို ခွဲခြားရှုမြင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထောက်ခံ

နိုင်ငံတိုင်းသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာ အသုံးပြုနိုင်သည့် အခွင့်အရေးရှိသည့်အချက်ကို မြန်မာနိုင်ငံမှ အစဉ်တစိုက် ထောက်ခံခဲ့ပါသည်။ နျူကလီးယား လက်နက် မပြန့်ပွားရေးကို ထောက်ခံသည့် တစ်ချိန်တည်းမှာပင် နျူကလီးယားလက်နက် မပြန့်ပွားရေး စာချုပ်အား နိုင်ငံရေးအရ အသုံးမပြုရေးနှင့် ယင်းစာချုပ်အား အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အပေါ် ခွဲခြားဆက်ဆံမှု မပြုရေးမှုများကို ထောက်ခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ လက်တွဲလျက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အစဉ်တစိုက် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိပါးစေမည့် လုပ်ဆောင်မှုမျိုးကို မည်သည့်အခါမျှ လုပ်ဆောင်မည် မဟုတ်ပါ။

အကျိုးပြုမည်မဟုတ်

မြန်မာနိုင်ငံအပေါ် နျူကလီးယားနှင့်ပတ်သက်၍ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေပြု၍ ဖိအားပေးမှုများသည်လည်းကောင်း၊ ပြည်တွင်းရေးတွင် စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက် သို့မဟုတ် ပထဝီဒေသဆိုင်ရာ နိုင်ငံရေးမဟာဗျူဟာ ရည်မှန်းချက်ဖြင့် ဝေဖန်စွပ်စွဲမှုများသည်လည်းကောင်း ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အကျိုးပြုမည်မဟုတ်ပါ။

နျူကလီးယားလက်နက်ထုတ်လုပ်ရန် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံနှင့် နည်းပညာ အရလည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှုမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့် အခြေအနေမရှိဟု ကျွမ်းကျင်သူ အချို့က သုံးသပ်ကြပါသည်။

ယင်းအကြောင်းအရင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယား လက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများရှိကြောင်း စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် နျူကလီးယား လက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းမှုများ အလျှင်းမရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုသာလိုလားပြီး နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် စစ်အင်အား နိုင်ငံဖြစ်လာရန် ရည်ရွယ်ချက်မရှိပါ။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရုပ်နာမ်သိမ်းအေးငြိမ်း နိဗ္ဗာန်ပြည်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၆:၅၅ ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (အမေများနေ့သီချင်းဆိုပြိုင်ပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၄)
- ၈:၃၀ Sports World (MNL Preview-1)
- ၈:၅၅ Activities in the City (တောင်ဒဂုံပိဋကသုံးပုံနိကာယ စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ)
- ၉:၁၀ ကြည်နူးဖူးမဝလေပြီ… ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
- ၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၄၀ အရည်အသွေးတို့၏အစပထမ
- ၁၀:၅၀ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (သရက်)
- ၁၁:၂၅ သွားမယ်စားမယ် (Taste Restaurant)
- ၁၁:၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
- ၁၂:၁၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၁၂:၃၀ လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်…
- ၁၂:၄၀ မျှော်လင့်ခြင်းခရီးစဉ်… ဖြစ်ရပ်မှန်(၁) (ရင်သားကင်ဆာ)
- ၁:၀၀ **ရုပ်နာမ်သိမ်းအေးငြိမ်း နိဗ္ဗာန်ပြည်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Hip Hop Beach (2)
- ၃:၂၀ အရည်အသွေးတို့၏အစပထမ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၄)
- ၄:၀၅ ကြည်နူးဖူးမဝလေပြီ… ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
- ၄:၃၀ စိတ်လှုပ်ရှားစရာ နေရာလေးတစ်ခု သို့မဟုတ် PUN HLAING COUNTRY CLUB
- ၄:၄၀ Activities in the City (တောင်ဒဂုံပိဋကသုံးပုံနိကာယ စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ)
- ၅:၀၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (အမေများနေ့သီချင်းဆိုပြိုင်ပွဲ)
- ၇:၀၅ Fashion Music Festival Hip Hop Beach (2)
- ၇:၃၀ သွားမယ်စားမယ် (Taste Restaurant)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉:၁၀ ဘဝများ ခင်စန်းဝင်း (Make-Up)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၄)
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ်… ဖြစ်ရပ်မှန်(၁) (ရင်သားကင်ဆာ)
- ၁၀:၂၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
- ၁၀:၅၀ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (သရက်)
- ၁၁:၁၅ ဘဝများ ခင်စန်းဝင်း (Make-Up)
- ၁၁:၄၀ သီးနှံစိုက်ပျိုးအထွက်တိုး **ပြည်ပဝင်ငွေရစေရာဆေးဖက်ဝင် သစ်ခွစိုက်ပါ**
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရီးရီး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီရန်၏နျူကလီးယားအစီအစဉ် ကုလသမဂ္ဂဆုံးဖြတ်ချက် ပြဿနာများကိုဖြေရှင်းနိုင်သည့် လက္ခဏာဖြစ်

မော်စကို ဇွန် ၁၁

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်အပေါ်ချမှတ်သည့် စတုတ္ထမြောက် အရေးယူပိတ်ဆို့မှုအသစ်သည် အတင်းအကျပ်ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်ဟု ရုရှားနိုင်ငံက ယုံကြည်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံတမန်ချာကင်က ဇွန် ၉ရက်၌ ပြောကြားသည်။

ကုလသမဂ္ဂ၏ အီရန်အပေါ် အရေးယူပိတ်ဆို့ရေးကို တညီတညွတ်တည်းဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းဖြင့်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုသို့သော ဆုံးဖြတ်ချက်မှာ အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းနိုင်သည့် လက္ခဏာအဖြစ် အီရန်ကို အချက်ပြလိုက်ခြင်းဖြစ်သည်ဟု ယူဆနိုင်ကြောင်း ဆက်လက်ဖော်ပြသည်။

ကြေညာ

အီရန်က ဤဆုံးဖြတ်ချက်ကို လက်ခံလျှင် ခြောက်နိုင်ငံနှင့်ဆွေးနွေးပွဲ ပြန်စနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

လူမှုစီးပွားဘဝဖွံ့ဖြိုးရေး မလေးရှားနိုင်ငံ ဆက်လက်အလေးထား

ကွာလာလမ်ပူ ဇွန် ၁၁

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ထုတ်ဖော်ပြောကြားသည့် ဒသမအကြိမ်မြောက် မလေးရှားအစီအစဉ်ကို မလေးရှားပြည်သူအများစုက စိတ်ဝင်တစားရှိကြပြီး နိုင်ငံကောင်းစားရေးအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် စီးပွားရေးမူဝါဒများ ချမှတ်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်နေကြကြောင်း မလေးရှားမီဒီယာများက ဇွန်၁၀ရက်၌ ဖော်ပြသည်။

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်

ဝန်ကြီးချုပ်ထုတ်ဖော်ကြေညာသည့် မူဝါဒများတွင် ကျွမ်းကျင်အလုပ်သမားဖြည့်ဆည်းရေး၊ တတ်သိကြွယ်ဝသည့် အလုပ်သမားဖြည့်ဆည်းရေးနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်တင်နိုင်မည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးတို့ ပါဝင်သည်။

ကန့်သတ်မထား

အခြားအစီအစဉ်များတွင် တတ်ကျွမ်းသူ အလုပ်သမားများ မလေးရှားသို့ လာရောက်ရန်မက်လုံးပေးမှု၊ ပြည်ပနိုင်ငံသား ကျွမ်းကျင်သူများ ငှားရမ်းရေး၊ ပြည်ပကျွမ်းကျင်လုပ်သားအတွက် လုပ်ငန်းလုပ်ကိုင်မှုပြည်ဝင်ခွင့်ဗီဇာအပေါ် အချိန်ကန့်သတ်မထားရေး စသည် တို့ပါဝင်သည်။

ပေါ်ထွက်

မလေးရှားအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစုသည် စီးပွားရေးကျဆင်းမှုမှ နိုးထလာသည့်အချိန်တွင် ယင်းအစီအစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

တူရကီ၌ ရဟတ်ယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

အင်ကာရာ ဇွန် ၁၁

ပင်လယ်နက်အနီး တူရကီနိုင်ငံ တူဂတ်ပြည်နယ်တွင် ဇွန်၉ရက်က တူရကီတပ်ဖွဲ့ဝင်ငါးဦးတင်ဆောင်လာသော စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းရှိ ရုပ်သံဌာနက ကြေညာသည်။

ပျက်ကျ

ရဟတ်ယာဉ်သည် တူဂတ်ပြည်နယ် ကျေးလက်ဒေသအတွင်း ပျက်ကျခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပျက်ကျသည့်အကြောင်းရင်းကို မသိရသေးကြောင်း ကြေညာသည်။ **(အင်တာနက်)**

စာအုပ်ပွဲတော်ကျင်းပ

ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့၌ ကျင်းပသည့် စာအုပ်ပွဲတော်ကို ဇွန် ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားအစိုးရ စစ်ဘက်အတွက် ဒေါ်လာ ၁၃ဘီလီယံ အသုံးပြုရန်စီစဉ်နေ

မော်စကို ဇွန် ၁၁

ရုရှားအစိုးရက ၂၀၁၁-၂၀၂၀ခုနှစ်အတွင်း ရူဘယ်ငွေ၁၃ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၃ဒသမ၃ဘီလီယံကျော်) တန်ဖိုးရှိ လက်နက်များတပ်ဆင်ရန် စီစဉ်နေကြောင်း ဗီဒိုမော့စတီနေ့စဉ် သတင်းစာက မေ ၂၅ရက်တွင် ရေးသားသည်။

တက်ရောက်

ရုရှား၏ နှစ်စဉ်ပြည်တွင်းအသားတင်ထုတ်လုပ်မှု(ဂျီဒီပီ)သည် သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ရာ လက်နက်တပ်ဆင်မည့် အစီအစဉ်အတွက် ထောက်ပံ့ပေးမည့်ငွေကြေး လုံလုံလောက်လောက်ရှိသည်ဟု ရုရှားသမ္မတမက်ဗီဒက်ဗ်နှင့် ဝန်ကြီးချုပ်ပူတင်တို့ တက်ရောက်သည့် အစည်းအဝေးတွင် ကြေညာသည်။

အဆိုပါငွေကြေးကို လက်နက်များဝယ်ယူရန်၊ လက်ရှိစစ်ဘက်ဆိုင်ရာပစ္စည်းခေတ်မီစေရန်၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် အရေးပေါ်ဌာနများအတွက် သိပ္ပံနည်းကျ သုတေသနပြုလုပ်ရန်၊ လုံခြုံရေးနှင့် ထောက်လှမ်းရေးဌာနအတွက် အသုံးပြုမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် ကမ္ဘာ့ကုန်စည်ပြပွဲ၌ အီရန်နိုင်ငံပြခန်းတွင် ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည်ကို ဇွန် ၁၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်နစ္စတန် မင်္ဂလာဧည့်ခံပွဲ၌ ဗုံးပေါက်ကွဲ ၃၉ဦးသေဆုံး

ကန်ဒါဟာ ဇွန် ၁၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ မင်္ဂလာဧည့်ခံပွဲ ညစာစားပွဲကျင်းပစဉ်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၃၉ဦးသေဆုံးပြီး ၇၃ဦးဒဏ်ရာရရှိကြောင်း ပြည်တွင်းမီဒီယာများက ဇွန်၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

ယင်းဖြစ်ပွားမှုသည် ကန်ဒါဟာပြည်နယ်မှ ကီလိုမီတာ ၃၀ကွာဝေးသည့်အာဖဂန်နယ်ခရိုင်တွင် မင်္ဂလာဧည့်ခံပွဲကျင်းပစဉ် ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသားအများဆုံးပါဝင်ပြီး ဒဏ်ရာရရှိသူများအနက် ကလေးငယ်၁၀ဦး ပါဝင်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုကို သတင်းထုတ်ပြန်ခြင်းမရှိသေးပေ။

အမြင့်ဆုံး

အာဖဂန်နစ္စတန်၌ မကြာသေးမီလအတွင်းက ဖြစ်ပွားခဲ့သည့် သီးခြားတိုက်ခိုက်မှုအတွင်း ယခုသေဆုံးမှုသည် အမြင့်ဆုံးဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

သြစတြေးလျအရှေ့ပိုင်း ပြည်သူများ ယူအက်ဖ်အိုကို မြင်တွေ့လိုက်ကြ

ဆစ်ဒနီ ဇွန် ၁၁

သြစတြေးလျနိုင်ငံတစ်ဝန်းရှိ ပြည်သူများမြင်ခဲ့ရသော ကောင်းကင်ယံမှ ထိုးဆင်းလာသည့် တောက်ပသော အရာဝတ္ထု တစ်ခုသည် ဂြိုဟ်တုတစ်ခု သို့မဟုတ် ရှော့ကတ်ဒုံး ဖြစ်ဖွယ်ရှိကြောင်း သြစတြေးလျ နက္ခတ္တဗေဒ ပညာရှင်တစ်ဦးက ဆစ်ဒနီမြို့တွင် ဇွန်၉ရက်၌ ပြောကြားသည်။

အမည်မဖော်ပြနိုင်သည့် အာကာသယာဉ် (ယူအက်ဖ်အို)ကို နယူးဆောက်ဝေး၊ ကွင်းစလန်နှင့် ကင်ဘာရာမြို့တော်တွင် နေမထွက်မီ ကောင်းကင်ယံတစ်လျှောက် ရွေ့လျားနေမှုကို ပြည်သူများ မြင်တွေ့ခဲ့ကြသည်။

ယင်းအာကာသယာဉ်မှာ ယူအက်ဖ်အို သို့မဟုတ် ဂြိုဟ်တု သို့တည်းမဟုတ် ရှော့ကတ်ဒုံး ကောင်းကင်ယံမှ စွန့်ပစ်ပစ္စည်းတစ်ခု ဖြစ်နိုင်သည်ဟု ဆစ်ဒနီ လေ့လာရေးစခန်းမှ ဂျော့ဖရီရိုင်းယတ်ကပြောကြားသည်။

အဆိုပါပျံသန်းနေသည့် အရာဝတ္ထုကို မြင်ရသူများက ရေခဲချောင်းပုံသဏ္ဌာန်ရှိပြီး အရှေ့ဘက်သို့ ဦးတည်မရွေ့လျားမီ ကောင်းကင်ယံတွင် ခေတ္တပျံဝဲလျက်ရှိကြောင်း ပြောကြားကြသည်။ ***(အင်တာနက်)***

အာဖဂန်၌ သီးခြားတိုက်ပွဲအတွင်း စစ်သွေးကြွ ၁၉ဦးသေဆုံး

ခို့စ် ဇွန် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ်အရှေ့ပိုင်း၌ အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့တို့ပူးပေါင်းကာ သီးခြားတိုက်ပွဲများအတွင်း စစ်သွေးကြွ ၁၉ဦးကို သုတ်သင်ချေမှုန်းလိုက်ကြောင်း ဇွန်၉ရက်တွင် အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ပက်တီကာပြည်နယ် အိုနာဒေသ၌ ဇွန်၈ရက်ညပိုင်းက အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ စစ်ဆင်ရေးအတွင်း စစ်သွေးကြွရှစ်ဦးကို သုတ်သင်ရှင်းလင်းခဲ့သည်ဟု ခို့စ်မြို့ရှိ သတင်းဌာနက ဖော်ပြသည်။

တပ်ဖြန့်ချထား

ယင်းနေ့၌ပင် အဆိုပါပြည်နယ်ရှိ ဆာရိုဘီဒေသတွင် ဖြစ်ပွားသည့်သီးခြားတိုက်ပွဲအတွင်း အာရပ်တိုက်ခိုက်ရေးသမားတစ်ဦးအပါအဝင် စစ်သွေးကြွ ၁၁ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ တာလီဘန်ခေတ် ပြီးဆုံးပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးအတွက် နေတိုးဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၃၀၀၀၀ခန့် တပ်ဖြန့်တာဝန်ချထားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အီရတ်၌ ဗုံးပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ဆာလာဟူဒင်ပြည်နယ်မြောက်ပိုင်းရှိ လူစည်ကားရာ ဈေးစစ်ဆေးရေးဂိတ်၌ ဇွန်၁၀ရက်က ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်များနှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ရပြီး ယင်းဈေးပတ်ဝန်းကျင်ကို ကန့်သတ်တားမြစ်ထားသည်ဟုဆိုသည်။

ယင်းနေ့စောစောပိုင်းက ဘဂ္ဂဒက်မြို့ ဒီယာလာပြည်နယ် အရှေ့ပိုင်းတွင် ဖြစ်ပွားသည့် သီးခြားတိုက်ပွဲအတွင်း အီရတ်ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးသည်ဟု ဆင်ဟွာသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဘန်ဂလိုထိပ်သီးအစည်းအဝေးပြီးဆုံး ကာနာတာကာပြည်နယ်၌ အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံလို

မွမ်ဘိုင်း ဇွန် ၁၁

အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂလိုမြို့၌ ကျင်းပပြီးစီးသည့် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာနှင့်ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံသူများသည် ကာနာတာကာပြည်နယ်တွင် ဒေါ်လာဘီလီယံချီ၍ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကတိပြုသည်ဟု အင်တာနက်သတင်းတစ်ရပ်၌ ဇွန်၉ရက်က ဖော်ပြသည်။

သို့သော် နိုင်ငံတကာမှ ကတိပြုထားသည့် ရင်းနှီးမြှုပ်နှံငွေအားလုံး ရရှိနိုင်မည်မဟုတ်ကြောင်း ဝေဖန်ဆန်းစစ်သူများက သတိပေးထားသည်ဟု ဆိုသည်။

ပြည်တွင်းနှင့်ပြည်ပ ကုမ္ပဏီများစွာတို့က ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားလျက်ရှိသည်မှာ ကြီးမားသောအောင်မြင်မှုတစ်ခုဖြစ်သည်ဟု ပြည်နယ်စက်မှုလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

ပြည်နယ်အတွင်း ဇီဝနည်းပညာ၊ သတင်းပြန်ကြားရေးနည်းပညာ၊ အာကာသရေးရာ၊ သံမဏိလုပ်ငန်း၊ လျှပ်စစ်စွမ်းအားနှင့် ခရီးသွားလုပ်ငန်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု ကမ်းလှမ်းချက်များ အများအပြားရှိကြောင်း ကာနာတာကာ ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ကွီတာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ချောက်ကန်အုပ်စု အနောက်ချောက်ကန်ကျေးရွာ ရေပေးဝေမှုအခြေအနေကို အင်ဂျင်နီယာမှူးဦးဇော်မျိုးထွေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းတပ်မြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သင်တန်းဖွင့်လှစ်

မင်းတပ် ဇွန် ၁၁

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကော်မရှင်အဖွဲ့မှ ဦးဆောင်၍ မင်းတပ်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်သင်တန်းကို ဇွန်၅ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖွင့်လှစ်သည်။

ပို့ချ

ဖွင့်ပွဲတွင် ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးဝေလိန်းနှင့် မင်းတပ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတီးထန်းတို့က အမှာစကားပြောကြားကြပြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပို့ချပေးကြသည်။

သင်တန်းသို့ မင်းတပ်မြို့ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု ၁၂ ခုမှ သင်တန်းသား ၈၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂပူ၌ ဦးတင်ဟုတ်စာကြည့်တိုက်ဖွင့်

အင်္ဂပူ ဇွန် ၁၁

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ခြောက်ရွာကျေးရွာအုပ်စု ခြောက်ရွာကျေးရွာ ဦးတင်ဟုတ်စာကြည့်တိုက် အဆောက်အအုံလှူဒါန်းပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် ဦးတင်ဟုတ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ဦးတင်ဟုတ်စာကြည့်တိုက်အဆောက်အအုံမြေနှင့် စာအုပ်များကိုအလှူရှင် ဦးတင်ဟုတ်-ဒေါ်တင်တင်လှိုင်မိသားစုကိုယ်စား စာကြည့်တိုက်ကော်မတီဝင် အလကကျောင်းအုပ်(ငြိမ်း) ဦးမြင့်အောင်က မြို့နယ်ဦးစီးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရေပိုက်သွယ်တန်း

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသောမြို့ရေပေးရေးအတွက် ရှစ်လက်မ ပီဗွီစီပိုက်သွယ်တန်းခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသိန်းဇော်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဖော်ဖုံနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်းကြီးကြပ်

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျုံရုံး-နောင်နိမ့်ကျေးလက်ကျောက်ချောလမ်း မြေသားပြုပြင်ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

သောက်သုံးရေရရှိရေး ညောင်တုန်းမြို့နယ်၌ ဆောင်ရွက်ပေး

ညောင်တုန်း ဇွန် ၁၁

ညောင်တုန်းမြို့နယ်တွင် သောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာများနှင့် ရပ်ကွက်များမှ ပြည်သူများ သောက်သုံးရေရရှိစေရေးအတွက် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ရပ်ကွက်၊ကျေးရွာများသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေခဲ့သည်။

လှူဒါန်း

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက မေ၂ရက်မှ စတင်၍ သောက်သုံးရေ အခက်အခဲဖြစ်နေသော တူးချောင်းကျေးရွာအုပ်စု၊ မိုးဟုတ်ကျေးရွာအုပ်စု၊ အမှတ်(၉) ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်များသို့ လည်းကောင်း၊ ကျုံတမာကျေးရွာအုပ်စုနှင့် ဝါးတောစွန်းကျေးရွာအုပ်စုများသို့ လည်းကောင်း လှည့်လည်၍ သောက်သုံးရေ အခက်အခဲဖြစ်နေကြသော ပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ရေများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၁၅၂)

Villu အိန္ဒိယဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဇွန် ၁၁

ဒါရိုက်တာမီးပွား၏ ဆွေတစ်ရာမောင်တစ်ကျိပ်ဇာတ်ကားမှာ ယခုသောကြာပတ်တွင် နဝဒေး၊ သမ္မတနှင့်သွင်အဆင့်မြင့်ရုံများ၌သာ ဆက်လက်ပြသသည်။

ယခုသောကြာပတ်တွင် ဒါရိုက်တာ Prabu Deva ရိုက်ကူးပြီး လူငယ်အက်ရှင်မင်းသားဗီဂျေး အဓိကပါဝင်ထားသည့် Villu ဇာတ်ကားမှာ မင်္ဂလာ အဆင့်မြင့်ရုံတွင် ရုံဝင်လာသည်။

ဗီဂျေး၏အက်ရှင်

ဇာတ်လမ်းမှာ လက်နက်မှောင်ခိုဂိုဏ်းခေါင်းဆောင်များအား ဖခင်အတွက် လက်စားချေကာ အမှုမှန်ဖော်ထုတ်ပေးသော ရဲအရာရှိတစ်ဦး၏ လျှို့ဝှက်စွန့်စားခန်းများကို ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်ကားတွင် မင်းသား ဗီဂျေး၏ အက်ရှင်များကို သဘာဝကျကျ ပီပီပြင်ပြင် မြင်ကြရမည်ဖြစ်သည်။

ပြသဆဲကားများ

ရွှေ့ဆောင်ရုံတွင် လက်ပွားမင်းသား ရီသစ်ရိုရှန်၏ Kites ဇာတ်ကားပြသနေပြီး

Villu ဇာတ်ကားမှ ဗီဂျေး၏အက်ရှင်

ကိုကြီးစိုး
(ရုပ်ရှင်သတင်းထောက်)

နေပြည်တော်ရုံတွင် Iron man 2 ဇာတ်ကားဆက်လက်ပြသနေဆဲဖြစ်သည်။

နတ်ဖြစ်ရတဲ့ဒုက္ခ

ဒါရိုက်တာညွန့်မြန်မာညီညီအောင်၏ **နတ်ဖြစ်ရတဲ့ဒုက္ခမှာ** မြို့လယ်ဝဇီရာ၊ ဝဇီရာ(၂) လှိုင်သာယာနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။

တတိယမြောက်သတို့သမီး

ဟိန်းဝေယံ၊ သဇင်၊ အေးမြတ်သူတို့ အဓိကပါဝင်ထားသည့် **တတိယမြောက်သတို့သမီး** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်းနှင့်သီတာရုံများတွင် ရုံဝင်လာသည်။

မချစ်ဘဲမနေနိုင်ဘူး

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **မချစ်ဘဲမနေနိုင်ဘူး** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇွန် ၁၁ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၁၈ ဒသမ ၃၄ ဒေါ်လာရှိခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနှင့်ကိုလံဘီယာနယ်စပ်၌ ပစ်ခတ်မှုဖြစ်ပွား

မက္ကဆီကိုနှင့် ကိုလံဘီယာနယ်စပ်တွင် ဇွန် ၁၁ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် မက္ကဆီကိုတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုစစ်ဘက်က ဇွန် ၁၁ရက်၌ ပြောကြားသည်။

အီကွေဒေါ၌ မီးတောင်ပေါက်ကွဲနိုင်မှု သတိပေး

အီကွေဒေါနိုင်ငံ အလယ်ပိုင်း တွန်ဂူရာဟွာမီးတောင်သည် ထပ်မံလှုပ်ရှားလျက်ရှိနေရာ မီးတောင်ပေါက်ကွဲနိုင်မှု သတိပေးချက်ထုတ်ပြန်ထားကြောင်း အီကွေဒေါအရာရှိများက ဇွန် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

အီရန်မြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

အီရန်နိုင်ငံမြောက်ပိုင်း ဆမ်နန်ပြည်နယ်တွင် ဇွန် ၁၁ရက်က အီရန်လေတပ်မှ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်စဉ် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ လေးဦး သေဆုံးခဲ့ကြောင်း အီရန်စစ်ဘက်အရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

တရုတ်နှင့် တာဂျစ်ကစ္စတန်သမ္မတတို့ တွေ့ဆုံဆွေးနွေး

တာဂျစ်ကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် တာဂျစ်ကစ္စတန်သမ္မတ ရက်ခ်မွန်တို့သည် တက်ချ်ကင့်မြို့၌ ဇွန် ၁၁ရက် နံနက်က တွေ့ဆုံကာ နှစ်နိုင်ငံကိစ္စရပ်များနှင့် ဒေသဆိုင်ရာပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နာဆာနှင့် ဂျာမနီအာကာသရေးရာ ပူးပေါင်းဆောင်ရွက်မည်

နာဆာနှင့် ဂျာမနီတို့သည် အာကာသရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့် ပတ်သက်၍ အာကာသ၌ လေ့လာမှုများလည်း ပြုလုပ်သွားကြရန် ဇွန် ၁၁ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

ဩစတြေးလျတောင်ပိုင်း၌ ရွှေတွင်းလုပ်ကွက်ခွင့်ပြု

ဩစတြေးလျတောင်ပိုင်း၌ ရွှေတွင်းလုပ်ငန်းများလုပ်ကိုင်ရန် ရွှေတွင်းလုပ်ကွက်သစ်တစ်ခုကို စတင်ခွင့်ပြုခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေလုပ်ကွက်သစ်များကို ဆက်လက်ခွင့်ပြုမည်ဖြစ်ကြောင်း ဩစတြေးလျအရာရှိများက ဇွန် ၁၁ရက်၌ ပြောကြားသည်။ ။ *(အင်တာနက်)*

အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ရက်က တိုင်းစစ်ဌာနချုပ်ရုံးရှေ့ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် သယု(ပဲပဒ့်)တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အမ်းမြို့ မြို့ရှောင်လမ်းတစ်လျှောက် လမ်းကြွခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းစစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၁

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၇ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတက်ရောက်၍ အမှာစကား ပြောကြားရာ၌ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ခွင့်ပြုရာတွင် နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းများသည် နိုင်ငံတော်၏ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းများထက် အဆင့်မနိမ့်စေဘဲ အနည်းဆုံး တန်းတူရည်တူဖြစ်ရန် လိုအပ်ကြောင်း၊ ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများအတွက် ရှိသင့်ရှိထိုက်သော စံကိုက်အင်္ဂါရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် ဥပဒေပြဋ္ဌာန်းချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍ အပြုသဘောဖြင့် စည်းရုံးဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

မှာကြား

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများသည် စီးပွားရေးသက်သက်ကို ဦးတည်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ လူ့အသက်နှင့်ယှဉ်၍ ဆောင်ရွက်ရသည့် လူမှုရေး၊ ပြုစုကူညီရေး၊ ကယ်ဆယ်ရေးကရုဏာ လုပ်ငန်းမျိုးဖြစ်သည်ဟု ခံယူချက်ထားရှိကြရန် လိုအပ်ကြောင်း၊ ဆရာဝန်၊ သူနာပြုများ၏ထားရှိအပ်သော ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြုပြင်ရန်ရှိသည်များကို ညွှန်ကြား၍ ကျွမ်းကျင်သူပညာရှင်များပီပီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဝိုင်းဝန်းအကြံပြု

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာကျော်စိုးက ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရန်ကုန်နှင့် မန္တလေးမြို့များ၌ တွေ့ကြုံရသည့် အတွေ့အကြုံများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာကြီးမြင့်က ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အမှာစကား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းစစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြို့နယ်လုံးကျွတ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနား အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ် မြို့နယ်လုံးကျွတ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီက အထက(၁) ဧရာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေတို့က ကျောင်းအပ်နှံရေးဆိုင်ရာများ ပညာရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၈၂၈၁၈၀ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြတို့က ကျောင်းသား ကျောင်းသူများကို စာအုပ်၊ စာရေးကိရိယာသင်ထောက်ကူပစ္စည်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်

ညောင်ဦး ဇွန် ၁၁

ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနား**(အောက်ပုံ)** ကို ဇွန် ၃ရက် နံနက် ၇နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ၂၀၁၀ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခြင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခြင်းနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို ထပ်မံရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆွစ်ဇာလန်နိုင်ငံမှ AF- Colenco Ltd. အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနား

ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၁

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၉ရက် ည ၇နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆွစ်ဇာလန်နိုင်ငံမှ AF- Colenco Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွစ်ဇာလန်နိုင်ငံ AF- Colenco Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး AF- Colenco Ltd.မှ CEO Mr. Roberto Gerosa က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် AF- Colenco Ltd. မှ Vice- President, Mr. Hubert Hosp တို့က မြန်မာပါဝါဂရစ်စနစ် အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်း သဘောတူညီချက်စာချုပ် (Consultancy Services for Power System of Myanmar Power Grid) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

အိုင်စီတီဖောင်ဒေးရှင်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၁

ICT ပညာရပ် သင်တန်းတွင် ICT ပညာရပ်၏ အရေးပါပုံ၊ အကျိုးရှိပုံတို့ကို ကောင်းစွာနားလည်၍ လက်တွေ့ နယ်ပယ်တွင် မည်ကဲ့သို့အကျိုးရှိရှိ အသုံးချနိုင်ပုံတို့ကို သင်ကြားပေးမည် ဖြစ်သည်။

ဤသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အဆင့်မြင့်ပညာရပ်များကို လေ့လာလိုသူများ၊ ကွန်ပျူတာ ပညာရပ်ကို လက်တွေ့ဘဝတွင် အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အခြေခံကောင်းများရရှိလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းတွင် Microsoft Office Module, Basic Programming Module, Database Module, Graphic Design Module နှင့် Networking Module တို့ကို မတူညီသောရှုထောင့်မှ သင်ကြားပေးမည်ဖြစ်သည်။

Microsoft Office Module တွင် ကွန်ပျူတာဖြင့် စာစီစာရိုက်၊ စာရင်းဇယားပြုလုပ်ခြင်း၊ Presentation ပြုလုပ်ခြင်းများကို Microsoft Word, Excel, Powerpoint အစရှိသော အဆင့်မြင့် Software တို့ဖြင့် ကျွမ်းကျင်စွာ အသုံးချတတ်အောင် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ Basic Programming Module တွင် Computer ပညာရပ်၏ အသက်တမျှဖြစ်သော Programming ဘာသာရပ်ကို နားလည်သဘောပေါက်၍ လက်တွေ့ရေးသားခြင်းများ ပါဝင်မည်ဖြစ်သည်။

လက်တွေ့လေ့ကျင့်

Database Module တွင် စီးပွားရေးလုပ်ငန်းများ၌ Database ကို အကျိုး ရှိရှိ အသုံးချနိုင်ပုံကို စနစ်တကျလေ့လာ၍ လက်တွေ့လေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်သည်။ Graphic Design Module တွင် ပြင်ပလောက၌ရှိနေသော အလုပ်အကိုင်များကို Graphic Design ပညာရပ်က မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်ကြောင်းကို နားလည်အောင် လေ့လာခြင်းများ ပါဝင်မည်ဖြစ်သည်။

Networking Module တွင် ကွန်ပျူတာများကို ချိတ်ဆက်အသုံးပြုသော "Networking" ဘာသာရပ်နှင့်စပ်လျဉ်း၍ အခြေခံများကို နားလည်သဘောပေါက်အောင် သင်ကြားပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) တက်ရောက် သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဇွန် ၂၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် (၂၆)၁၄လမ်း (အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၂၂၄၄၉၆နှင့် ၀၉-၈၆ ၂၈၈၀၆ တို့သို့ ဆက်သွယ်နိုင်သည်။ ***(သတင်းစဉ်)***

ရှမ်းပြည်နယ်သို့ စိတ်ချမ်းမြေ့စွာ သွားရောက်နိုင်မည့် အဆင့်မြှင့်တင်ပြုပြင်ဆဲ မိတ္ထီလာ-သာစည်-နန့်ပန်တက်လမ်းပိုင်း

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

သာစည် ဇွန် ၁၁

ချောမွေ့နေသော ကတ္တရာခင်းလမ်း၊ ညီညာဖြောင့်ဖြူးနေသည့် လမ်းပိုင်းများ၊ အရှိန်ဖြင့် မောင်းနှင်သွားလာနေကြပြီဖြစ်သည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များက လမ်းတစ်လျှောက် ဥဒဟို စိတ်အေးချမ်းသာစွာ မောင်းနှင်လျက်....။

တောင်ကြီးမြို့သို့သွားရာ မော်တော်ကားလမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မှုကို လေ့လာရန် သတင်းအဖွဲ့ သာစည်မြို့မှ နံနက်စောစောထွက်ခွာခဲ့သည်။ သာစည်မြို့မှအထွက် တောင်ကြီးမြို့သို့သွားရာ လမ်းတစ်လျှောက် ပြုပြင်ရေး လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများကို မပြတ်တမ်း တွေ့ရသည်။

"မိတ္ထီလာ-သာစည်-နန့်ပန်တက်လမ်းပိုင်းကို မော်တော်ယာဉ် မောင်းနှင်မှုနဲ့ ကုန်စည်စီးဆင်းမှု လျင်မြန်စေဖို့ အကောင်းဆုံးကြိုးစား ဆောင်ရွက်နေပါတယ်။" ဦးစံမော် အုပ်ချုပ်မှုမန်နေဂျာ။

မေးမြန်း

လမ်းကြိတ်စက်ဖြင့် လမ်းသားချောမွေ့စေရေး ကျောက်များနင်းကြိတ်နေသည့် လမ်းပိုင်းတစ်နေရာအရောက် မော်တော်ယာဉ်ပေါ်မှဆင်း၍ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီလမ်းပိုင်းကတော့ မိတ္ထီလာ - နန့်ပန်တက်လမ်းပိုင်း ဖြစ်ပါတယ်။ အရှည်ကတော့ ၅၂မိုင် ၆ဖာလုံရှိပြီး အခုလုပ်ကိုင်နေတာကတော့ ကတ္တရာခင်းခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ဒီလမ်းပိုင်းကို အချိန်မီပြီးစီးဖို့အတွက် အလုပ်သမားအင်အား၊ စက်ယန္တရားအင်အားတွေနဲ့ အင်အားပြည့်ဆောင်ရွက်နေပါတယ်" ဟု မိတ္ထီလာ-သာစည် - နန့်ပန်တက် လမ်းပိုင်း၏ အုပ်ချုပ်မှုမန်နေဂျာ ဦးစံမော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

လုပ်ကိုင်

ကျောက်ခင်း လမ်းကြိတ်ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ အဖွဲ့လိုက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အလုပ်သမားအင်အား၊ ယန္တရားအင်အား ကောင်းကောင်းဖြင့် လုပ်ကိုင်နေသဖြင့် လမ်းပြုပြင်မှု၊ လမ်းခင်းမှုလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရသည်။

"ကျွန်တော်တို့ တောင်ပေါ်ဒေသ လမ်းဖောက်လုပ်ရေး ကုမ္ပဏီအနေနဲ့ မိတ္ထီလာ-နန့်ပန်တက်လမ်းပိုင်း ၅၂ မိုင် ၆ ဖာလုံ၊ သာစည်-သပြေဝ လမ်းပိုင်း ၉ မိုင် ၂ ဖာလုံ၊ ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်း ၁၆မိုင် ၁ဖာလုံ စုစုပေါင်း ၇၈ မိုင် ၁ဖာလုံကို ၂၀၀၈ခုနှစ် ဧပြီလမှာ ဘီအိုတီစနစ်နဲ့ တစ်ပြိုင်နက်တည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ဦးစံမော်က သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

ယခင်က သာစည်မှ တောင်ကြီးသို့ သွားလာရာတွင် ကားလမ်းကောင်းမွန်မှုမရှိခြင်း၊ တောင်တက်တောင်ဆင်း အကွေ့အကောက်များ၌ လမ်းကျဉ်းမြောင်းခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ယခုအခါ နိုင်ငံတော်က တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်ရေး လျင်မြန်ချောမွေ့စေရန် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် အောင်မြင်မှုများလည်း ရရှိနေကြောင်း တွေ့ရသည်။

ပြုပြင်

သတင်းအဖွဲ့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ယခင်က မူရင်းလမ်းအကျယ် ၁၂ပေကို ကတ္တရာအပေါက်ဖာခြင်း၊ ပျက်စီးနေသော လမ်းအစိတ်အပိုင်းများကို ကျောက်များခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြုပြင်လုပ်ကိုင်နေသည်ကို မပြတ်တမ်းမြင်တွေ့ခဲ့ရသည်။ ဘီအိုတီစနစ်အရ တန် ၆၀ ခံနိုင်ရည်ရှိသည့် လမ်းဒီဇိုင်းထုတ်ပြီး အကျယ် ၂၄ပေ နှစ်လမ်းသွား ကတ္တရာလမ်းသား လမ်းအကျယ်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာ-သာစည်-နန့်ပန်တက် လမ်းပိုင်းတွင် ကတ္တရာခင်းလုပ်ငန်းများကို လမ်းအစိတ်အပိုင်းအလိုက် ဤသို့ ဆောင်ရွက်လျက်ရှိသည်။

ဖြည့်စွက်ရှင်းပြ

"ကျွန်တော်တို့အနေနဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ မူရင်း အကျယ် ၁၂ပေ ကတ္တရာလမ်းကို ကတ္တရာလမ်းသား အကျယ် ၂၄ပေ နှစ်လမ်းသွား ပြည့်မီစေရန်အတွက် တိုးချဲ့အမာခံကျောက်စီခြင်းတွေကို အဓိကဦးစားပေး လုပ်ကိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေဖို့ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတွေနဲ့အတူ နိမ့်မြင့်ညှိ ကတ္တရာခင်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု မိတ္ထီလာ-နန့်ပန်တက်လမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးအောင်တင့်က သတင်းအဖွဲ့အား ဖြည့်စွက်ရှင်းပြသည်။

မောင်းနှင်

ယခင်ကတ္တရာလမ်း အကျယ် ၁၂ပေကို ပြန်လည်ပြုပြင်ထားရာ မော်တော်ယာဉ်များ အခက်အခဲမရှိ မောင်းနှင်သွားလာနေသည်ကို တွေ့ရသည်။ ကားလမ်းအစိတ်အပိုင်းအများအပြားမှာ ပြီးစီးနေပြီဖြစ်ရာ မိတ္ထီလာ-သာစည်-နန့်ပန်တက်လမ်းပိုင်း၏ ကားလမ်းကူးတံတားအနီးနေရာများတွင်သာ ကျန်ရှိနေတော့သည်။ ထိုသို့ ကျန်ရှိခြင်းမှာလည်း တံတားငယ်များပြုပြင်သည့်အခါ လမ်းများကတ္တရာခင်းထားပါက ပြန်လည်တူးဆွ ပြုလုပ်ရမည်ဖြစ်သဖြင့် လုပ်ငန်းသဘောအရ ယာယီချန်လှပ်ထားမှုကြောင့် ကျန်ရှိနေခြင်းဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့ ယင်းမာပင်ရွာသို့ ရောက်ရှိခဲ့ရာ နေရာအစိတ်အပိုင်းအလိုက် အလုပ်သမားများက လမ်းပြုပြင်ခြင်းများပြုလုပ်နေသလို ကျောက်ခွဲစက်များဖြင့်လည်း လမ်းခင်းရန် အသင့်အရွယ်အစားရှိသည်အထိ ကြိတ်ခွဲနေသည်ကို တွေ့ရသည်။ "၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာတော့ တိုးချဲ့အမာခံကျောက်စီခြင်းလုပ်ငန်း၊ နိမ့်မြင့်ညှိ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်း၊ အားဖြည့်ထပ်ပိုးလွှာကတ္တရာခင်းခြင်းလုပ်ငန်းများကို ပွင့်လင်းရာသီ အောက်တိုဘာမှစတင်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါတယ်။ ကားလမ်းအပိုင်းထဲမှာပါတဲ့ ကြံ့ခိုင်မှုအားနည်းတဲ့ တံတားတွေကိုလည်း တန် ၆၀ ခံနိုင်အားရှိစေတဲ့ တံတားတွေဖြစ်အောင် အသစ်ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ တံတားအကျဉ်းတွေကိုလည်း နှစ်လမ်းသွားအကျယ်ရရှိ စေဖို့အတွက် ပြန်လည်ပြုပြင် တည်ဆောက်နေတာဟာ ၂၀၀၉ ပွင့်လင်းရာသီ အောက်တိုဘာမှစတင်ပြီး ကတ္တရာခင်းလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နေပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးအောင်တင့်က ရှင်းပြသည်။

ယင်းမာပင်ရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ဦးတည်မောင်းနှင်နေသည့် ကုန်တင်ကားကြီးများက လမ်းကောင်းမွန်နေခြင်းကြောင့် တောက်လျှောက်မောင်းနှင်နိုင်နေပြီကို မြင်တွေ့ရသည်။ လက်ရှိအနေအထား၌ မူလလမ်းအကျယ် ၁၂ပေကိုဦးစားပေးပြီး ကောင်းမွန်အောင် ကတ္တရာခင်းထားခြင်းဖြစ်ရာ မော်တော်ယာဉ်များ အဆင်ပြေစွာ မောင်းနှင်သွားလာလျက်ရှိသည်။

မိတ္ထီလာ - သာစည် - နန့်ပန်တက် လမ်းပိုင်းကို ပြုပြင်တည်ဆောက်ရာတွင် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်၌ အရှည် ၂၆မိုင် ၁ဖာလုံကို မူလကတ္တရာလမ်းသားအကျယ် ၁၂ပေအား ၂၄ပေအကျယ် ခွဲကျောက်တစ်ပေထု သဲကျပ်၍ခင်းကြိတ်ခြင်းကို ၂၀မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။ ၂၀မိုင် ၁ ဖာလုံကို မူလကတ္တရာ ၂၄ပေအကျယ် ခွဲကျောက်ချဲ့ထားပြီးသော လမ်းပိုင်းတွင် ခွဲကျောက်ခြောက်လက်မထု ခင်းကြိတ်၍ ကတ္တရာခင်းခြင်းလုပ်ငန်းမှာလည်း ၇မိုင် ၅ဖာလုံ ပြီးစီးခဲ့ပြီဖြစ်သည်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်းမှာ လျာထားချက်လေးမိုင်ကို နှစ်မိုင်ခင်းထားပြီး ဖြစ်သကဲ့သို့ နိမ့်မြင့်ညှိရေပိတ်လွှာ ခင်းခြင်းကို ၆မိုင်ပြီးစီးခဲ့ပြီဖြစ်သည်။ ထို့အပြင်သံကူကွန်ကရစ် တံတားနှင့် ရေထုတ်ပြွန်များ တည်ဆောက်ခြင်းမှာ တံတား ၂၂စင်းအနက် ၁၀စင်း ပြုလုပ်ပြီးစီးခဲ့ပြီဖြစ်သည်။ ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေမှုကို တွေ့မြင်ခဲ့ရသည်။

ထို့နောက် ပြည်သောင်မှ နန့်ပန်တက်ရွာအထိ သွားရောက်ခဲ့ရာ လမ်းအကွေ့များ၌ မော်တော်ယာဉ်များ ရှောင်တိမ်းမောင်းနှင်နိုင်ရန် ကျယ်ဝန်းစွာ ဖောက်လုပ်ထားသကဲ့သို့ ကတ္တရာခင်းပြီးစီးမှုကိုလည်း တွေ့မြင်ရသည်။

တည်ဆောက်ပြီးစီး

မိတ္ထီလာ - သာစည် - နန့်ပန်တက် လမ်းပိုင်း တည်ဆောက်ပြီးစီးပါက မိတ္ထီလာမှ သာစည်-တောင်ကြီး လမ်းအတိုင်း ရှမ်းပြည်နယ်သို့ ချောမွေ့စွာ မောင်းနှင် သွားလာနိုင်ကြမည်ဖြစ်ရာ အကျိုးကျေးဇူးကြီးမားကြောင်း မြင်တွေ့သိရသည်။

နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် ဖြန့်ကြက်ဖောက်လုပ်ပေးနေသော ကားလမ်းသစ်များ၊ အဆင့်မြှင့်တင်ပြုပြင်နေသည့် မော်တော်ကားလမ်းများကား နယ်မြေဒေသအသီးသီး၌ ပေါ်ထွက်လာနေပြီဖြစ်ရာ ပြည်ထောင်စုကြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေမည့် အလှတရားများပင် ဖြစ်ပါကြောင်း ရှမ်းပြည်နယ်သို့ အချိန်တိုတိုအတွင်း မော်တော်ယာဉ်ဖြင့် မောင်းနှင်သွားလာနိုင်နေပြီဖြစ်သည့် မိတ္ထီလာ-တောင်ကြီး မော်တော်ကားလမ်းမှ မိတ္ထီလာ-သာစည်-နန့်ပန်တက် လမ်းပိုင်းက ညွှန်းပြနေလျက်ရှိပါကြောင်း။ ။

(မြန်မာ့အလင်း)

မိတ္ထီလာ-သာစည်-နန့်ပန်တက် လမ်းပိုင်း၌ ကတ္တရာခင်းပြီး အနေအထားကို ဤသို့ ဖြောင့်ဖြူးညီညာစွာ တွေ့ရသည်။



မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၁၁

မြန်မာအမျိုးသမီးများနေ့ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲကို ကမ္ဘာတစ်လွှားဝင့်ကကြွား တို့မြန်မာအမျိုးသမီးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲကို မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ ခေါင်းစဉ်ဖြင့်လည်းကောင်း ပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်ထားရာ ဆောင်းပါးများကို ဇွန် ၁၈ရက်နှင့် ဓာတ်ပုံများကို ဇွန် ၁၉ရက် နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

ဥပဒေဘွဲ့ရများ အာစရိယပူဇော်ပွဲဖိတ်ကြား

ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ၁၉၉၆-၂၀၀၂ ခုနှစ်အတွင်း ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း (တောင်ဘက်မုခ်အနီး)ရှိ ရန်ကုန်မြို့တော်စည်ပင်မွှေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မသန်စွမ်းသူများအတွက် ရန်ပုံငွေဖျော်ဖြေပွဲ ဗွီစီဒီဖြန့်ချိ

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် ကန်တော်ကြီး မျှော်စင်ကျွန်း၌ ကျင်းပခဲ့သော မေတ္တာရွှေစင်အငြိမ့် ရန်ပုံငွေဖျော်ဖြေပွဲကို ဗွီစီဒီအဖြစ် ရိုက်ကူး၍ ဖြန့်ချိထားပြီဖြစ်ရာ ဖုန်း-၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇ နှင့် ၂၁၅၉၃၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ရွှိုင်ရယ်မင်္ဂလာဒုံ ဂေါက်သီးရိုက်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်ကလပ်မှစီစဉ်သော လစဉ်အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အပျော်တမ်းဂေါက်သီးသမားများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများ ဖုန်း-၀၁-၆၃၉၄၄၅၊ ၆၃၉၄၄၆နှင့် ၆၃၉၄၄၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဆန်အထူးပြုကုမ္ပဏီများ အလုပ်ရုံဆွေးနွေးမည်

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ကြီးမှူး၍ ဆန်အထူးပြုကုမ္ပဏီများ၏ ပထမအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၁၂ရက်နှင့် ၁၃ရက်တို့တွင် နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အိုလံပစ်နေ့ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၀ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသောအသင်းများ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်(သုဝဏ္ဏ)ဖုန်း-၅၇၇၄၆၁သို့ ဇွန် ၁၇ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။

ဗိသုကာအသင်း ဆွေးနွေးပွဲတက်ရောက်နိုင်

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်ပြီး ဦးစည်သူမြင့်ဆွေက စီးပွားရေးဆိုင်ရာ ဟိုတယ်စီမံကိန်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၀၉-၈၇၆၁၅၀၀နှင့် ၇၂၃၁၀၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကျင်းပသော တတိယအကြိမ် မိတ်ဆုံ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရွှိုင်ရယ်မင်္ဂလာဒုံ ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၁၉၆၇၆၊ လိုင်းခွဲ ၂၁၁နှင့် ၅၁၉၈၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလတစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလ သုံးလကိုသာတပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် လက်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြောက်ကိုရီးယားသင်္ဘော မြန်မာနိုင်ငံဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ပုံမှန်ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်ခဲ့ခြင်းအပေါ် ကန့်သတ်ပိတ်ပင်ထားသည့် ပစ္စည်းများတင်ဆောင်လာခဲ့ကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများပေါ်ထွက်

ဖြစ်ရပ်မှန်မှာ ကန့်သတ်မှုမရှိသည့် ဘိလပ်မြေများတင်သွင်းပြီး ဆန်တန်ချိန် တစ်သောင်း တင်ပို့ရောင်းဝယ်ခဲ့ခြင်းသာဖြစ်

● *ကျောဖုံးမှ*

အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်သည်နှင့်အညီ အခြားကမ္ဘာ့နိုင်ငံများနှင့်နည်းတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အပြန်အလှန်ကူညီမှုများလည်းရှိခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၇-၅-၂၀၀၈ရက်နေ့တွင် ဆန်တန်ချိန် ၁၅၀၀ကို ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသို့ ကူညီပေးပို့ခဲ့ပြီး ဆန်တန်ချိန် ၁၀၀၀၀ကိုလည်း ရောင်းချခဲ့ရာ အကြိမ်များခွဲ၍ ရေကြောင်းခရီးဖြင့် ပေးပို့ခဲ့ပါသည်။

အခြေအမြစ်မရှိ

ထိုကဲ့သို့ နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရေးဖြစ်ထွန်းလျက်ရှိရာတွင် မြောက်ကိုရီးယားသင်္ဘောများ မြန်မာနိုင်ငံဆိပ်ကမ်းသို့ လာရောက်ခဲ့ခြင်းအပေါ်အခြေခံ၍ ၂၀၀၉ခုနှစ် ဇွန်လအတွင်းတွင် Kang Nam 1 အမည်ရှိ မြောက်ကိုရီးယားသင်္ဘောသည် လက်နက်များတင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်သွားနေသည်ဟူသောသတင်းများ ထွက်ပေါ်ခဲ့ပါသည်။ ထိုသတင်းများမှာ အခြေအမြစ်မရှိဘဲ ထင်မြင်ယူဆချက်များအပေါ် အခြေခံ၍လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလို၍လည်းကောင်း ပေါ်ပေါက်လာသည့်သတင်းများသာ ဖြစ်ခဲ့ပါသည်။

ယခုနှစ် ဧပြီလတွင် မြောက်ကိုရီးယားသင်္ဘော Chong Gen မြန်မာနိုင်ငံဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ပုံမှန်ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၈၇၄)ကို ချိုးဖောက်ခဲ့ကြောင်း၊ ကန့်သတ်ပိတ်ပင်ထားသည့် ပစ္စည်းများတင်ဆောင်လာခဲ့ကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများ ပေါ်ထွက်ခဲ့ပါသည်။ ဖြစ်ရပ်မှန်မှာ ကန့်သတ်မှုမရှိသည့် ဘိလပ်မြေများ တင်သွင်းပြီး ဆန်တန်ချိန် တစ်သောင်း တင်ပို့ရောင်းဝယ်ခဲ့ခြင်းသာဖြစ်ပါသည်။

စွပ်စွဲပြောဆို

အမှန်စင်စစ် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ ကုန်တင်သင်္ဘောများ မြောက်ကိုရီးယားဆိပ်ကမ်းများမှ ထွက်ခွာလာသည့်အခါ လမ်းတစ်လျှောက် စစ်ဆေးရန် အခွင့်အရေးများရှိသော်လည်း စစ်ဆေးခဲ့ခြင်းများမရှိဘဲ မည်သည့်နိုင်ငံသို့ ဦးတည်သွားရောက်သည်ကိုပင် မသိရှိရသေးမီ ထိုသင်္ဘောမှာ လက်နက်များတင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်နေကြောင်းဖြင့် တာဝန်မဲ့ ကြိုတင်၍ စွပ်စွဲပြောဆိုမှုများ မပြုလုပ်သင့်ဟု ယူဆပါသည်။

မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မဆို မိတ်ဆွေနိုင်ငံကဲ့သို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့်နည်းတူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း ကူးသန်းဆက်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။

အချို့နိုင်ငံများက လုံခြုံရေးကောင်စီဆုံးဖြတ်ချက် (၁၈၇၄)အရ လိုက်နာဆောင်ရွက်ရေးနှင့်ပတ်သက်၍ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်စည်ရောင်းဝယ်မှုအပေါ် မြန်မာနိုင်ငံအား စွပ်စွဲမှုများ ပြုလုပ်လေ့ရှိသော်လည်း အခြေအမြစ်မရှိပါ။ မြန်မာဆိပ်ကမ်းသို့ မြောက်ကိုရီးယားသင်္ဘော ဆိုက်ကပ်ခဲ့ရာတွင်လည်း သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေး၍ ဆိုက်ကပ်/ထွက်ခွာခွင့်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

ကမ္ဘာ့သေ...
World B...
လှူငယ်...
အသက်က...
NEW BLOOD...
၂၀၁၀ခုနှ...

❒ *ရှေ့ဖုံးမှ*

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှ... အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အေ... ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအ... ညနေ ၆နာရီ မိနစ် ၅၀တွင်ရောက်ရှိလာကြရာ ပြ... ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီ... LADZE က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်း...

တည်ခင်းဧည့်ခံ

ဧည့်ခံပွဲတွင် အတွင်းရေးမှူး(၁)နှင့် တ... နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒ... က တက်ရောက်လာကြသူများအား ညစာစားပွဲ...

❍ *ကျောဖုံးမှ*

စွပ်စွဲထုတ်လွှင့်

ယင်းထုတ်လွှင့်ချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်၌ ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းမီဒီယာများတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ နျူကလီးယား အစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု စွပ်စွဲထုတ်လွှင့်ခဲ့ကြောင်း၊ ယင်းသို့ ဝေဖန်ထုတ်လွှင့် ပြောဆိုချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာဖြစ်ပြီး မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးအရ ထိုးနှက်ရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း၊ ထို့အပြင် ယင်းစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများက မမှန်မကန် ဖန်တီးထုတ်လွှင့်ချက်များဖြစ်ခြင်း၊ တပ်ပြေးအချို့နှင့် ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ စွပ်စွဲပြောကြားချက် ဇာစ်မြစ်တစ်ခုတည်းအပေါ် အခြေခံထားခြင်းတို့ကြောင့် ယုံကြည်စိတ်ချရမှု၊ တိကျမှန်ကန်မှုနှင့် မျှတမှုမရှိသော သတင်းများသာဖြစ်ကြောင်း စသည်ဖြင့် ပါရှိသည်။

သွေးထိုးပေးနေ

မြန်မာနိုင်ငံအပေါ် နျူကလီးယားလက်နက်နှင့် ပတ်သက်ပြီး အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားက ထုတ်လွှင့်သွားခဲ့ခြင်းဖြစ်သော်လည်း ယင်းသတင်းများကို ဒီမိုကရက်တစ်မြန်မာ့အသံ (DVB)က ထုတ်လုပ်ပံ့ပိုးပေးခြင်းဖြစ်သည်ဟု အယ်လ်ဂျာဇီးရားသတင်းဌာနက ဖော်ပြခဲ့သည်။ ယင်းဒီမိုကရက်တစ် မြန်မာ့အသံဆိုသည်မှာ နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် အခြေစိုက်ထားသည့် ပြည်ပအထောက်အပံ့ခံ သတင်းဌာနတစ်ခုဖြစ်သည်။ အထူးသဖြင့် **The National Endowment for Democracy (NED)** ဆိုသည့်အဖွဲ့ထံမှ ထောက်ပံ့ငွေများဖြင့် ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်သည်။ **NED** ကို ၁၉၈၃ခုနှစ်တွင် အမေရိကန်နိုင်ငံက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဖွဲ့အတွက် ရန်ပုံငွေကို အမေရိကန်နိုင်ငံ ကွန်ဂရက်က နှစ်စဉ် ငွေကြေး လျာထားသတ်မှတ်ပံ့ပိုးပေးနေခြင်းဖြစ်သည်။ **NED** သည် ၎င်းရရှိသော ငွေများဖြင့် **DVB** အား ပံ့ပိုးပေးနေခြင်းဖြစ်ပြီး ၎င်းငွေများဖြင့် **DVB** က ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့အတူ အမေရိကန်အထက်လွှတ်တော်အမတ် **Jim Webb** က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ထံ ပေးစာတွင်လည်း ယင်းစွပ်စွဲချက်ကို အမေရိကန်ငွေကြေး အထောက်အပံ့ခံ **DVB** သတင်းဌာနမှ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ **DVB** သည် မြန်မာနိုင်ငံအပေါ် နေ့စဉ်နှင့်အမျှ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့် **သတင်းများထုတ်လွှင့်နေသော သတင်းဌာနဖြစ်သည်။ ခလောက်ဆန်၊ အကောက်ကြံပြီး မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြား၊ မြန်မာပြည်သူများ၊ တိုင်းရင်းသားများအကြား ရန်တိုက်၊ သွေးထိုးပေးနေသော လူသတ်သမား လေလှိုင်းသံတစ်ခုဖြစ်သည်။**

DVB သည် မြန်မာနိုင်ငံအပေါ် နေ့စဉ်နှင့်အမျှ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သတင်းများ ထုတ်လွှ...

ခလောက်ဆန်၊ အကောက်ကြံပြီး မြန်မာနိုင်ငံနှင့် နိုင်ငံတကာအ...

မြန်မာပြည်သူများ၊ တိုင်းရင်းသားများအကြား ရန်တိုက်၊ သွေးထိုးပေးနေသော လူသတ်သမား လေလှိုင်းသံသ...

ဖန်တီးစွပ်စွဲ

နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသော မြန်မာနိုင်ငံအပေါ် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု ဖန်တီးစွပ်စွဲခဲ့ကြသည့် တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးဆိုသူများနှင့်ပတ်သက်၍ လေ့လာဖော်ထုတ်ကြည့်ရာ ၎င်းတို့မှာ တပ်ပြေး ဗိုလ်ကြီးစိုင်းသိန်းဝင်း၊ ဝရမ်းပြေး ဗိုလ်မှူးဟောင်း အောင်လင်းထွဋ်တို့ဖြစ်ကြောင်း သိရှိရသည်။

တပ်ပြေး
စိုင်းသိန်းဝင်း

လိမ်ညာပြောဆို

တပ်ပြေးစိုင်းသိန်းဝင်းသည် ကျောက်မဲမြို့နေ(အဖ) ဦးစိုင်းသန်းမြင့်၊ (အမိ) ဒေါ်နန်းမွန်ဆာတို့၏သားဖြစ်ပြီး ၁၉၉၉ခုနှစ် ဧပြီ ၁၁ရက်တွင် တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရသူဖြစ်သည်။ ၂၀၀၂ခုနှစ် ဧပြီ ၁၁ရက်တွင် ဗိုလ်ကြီးအဆင့် တိုးမြှင့်ခံရသည်။ ၎င်းသည် ၂၀၀၄ခုနှစ်၌ ရုရှားနိုင်ငံ Bouman Moscow State Technical University မှ M.Sc. (Power Engineering) ဘွဲ့ရရှိခဲ့ပြီး Ph.D. သင်တန်းအတွက် အရည်အချင်းစစ်စာမေးပွဲ ကျရှုံးခဲ့သည်။ ၎င်းသည် လက်ရှိဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးသာ ဖြစ်သည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် စတင်၍ ခွင့်မဲ့ပျက်ကွက်သွားခဲ့ပြီး ယခုအခါ တပ်ပြေးဖြစ်နေသူဖြစ်သည်။ တာဝ... အဆင့်ရှိသူသာဖြစ်သော်လည်း တပ်ပြေးဖြစ်... အဖွဲ့များအတွင်း ရောက်ရှိသည့်အခါ ၎င်းက... စိုင်းသိန်းဝင်းဟု လိမ်ညာပြောဆိုပြီး ဗိုလ်မှူးအ... ၍ သတင်းထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရသ... တပ်ပြေးတစ်ဦးဖြစ်ရုံသာမက အခြားပြစ်မှ... ကျူးလွန်ထားသဖြင့် သက်ဆိုင်ရာက အရေး... ရှိကြောင်း သိရှိရသည်။

ဝရမ်းပြေး
အောင်လင်းထွဋ်

ဝရမ်းပြေးအဖြစ်ကြေညာခံ...

ဝရမ်းပြေး အောင်လင်းထွဋ်သည် အ... အရိုးကုန်း တာမွေမြို့နယ် ရန်ကုန်မြို့နေ (အ... ဒေါ်ခင်ကြည်တို့၏သားဖြစ်ပြီး တပ်မတော်... ၁၉၇၈ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ခန့်အပ်... စက်တင်ဘာ ၂၉ရက်တွင် နိုင်ငံခြားရေးဝန်... ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဇွန် ၂၀ရ... အငြိမ်းစားယူခဲ့သည်။ အမေရိကန်နိုင်ငံ ဝါ... သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံ... ဒေါ်လာ ၄၅၂၅ဒေါ်လာကို ကိုယ်ကျိုးရယူသုံ... အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စော... ၃/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂... ပျက်စေမှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄(က...

NED ကို ၁၉၈၃ခုနှစ်တွင် အမေရိကန်နိုင်ငံက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဖွဲ့အတွက် ရန်ပုံငွေကို အမေရိကန်နိုင်ငံ ကွန်ဂရက်က နှစ်စဉ် ငွေကြေး လျာထားသတ်မှတ်ပံ့ပိုးပေးနေခြင်းဖြစ်။ NED သည် ၎င်းရရှိသော ငွေများဖြင့် DVB အား ပံ့ပိုးပေးနေခြင်းဖြစ်ပြီး ၎င်းငွေများဖြင့် DVB က ရပ်တည်ဆောင်ရွက်နေ။

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

လူငယ်အများ သွေးသန့်စင်

အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

NEW BLOOD FOR THE WORLD

၂၀၁၀ခုနှစ် ဇွန်လ ၁၄ ရက်

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်လ်ဘာတိုဂျီ ရိုမြူလိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပရာသို့ ညနေ ၆နာရီ မိနစ် ၅၀တွင်ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Mikhail MGELADZE က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ဧည့်ခံပွဲတွင် အတွင်းရေးမှူး(၁)နှင့် တက်ရောက်လာသူများသည် နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရန်ကုန်တိုင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံ

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရန်ကုန်တိုင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး (ယာပုံ) ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်တို့က ခရိုင်အလိုက် ကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုတင်ပြကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် တိုင်း၊ ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါလျက် ကြည့်မြင်တိုင်မြို့နယ် ဘောဂရုပ်ကွက်ရှိ ကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံ သရုပ်ပြသမှုနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန၌ လူဦးရေစာရင်းနှင့် မဲစာရင်းများ ကွန်ပျူတာရိုက်နှိပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

...ကြိုဝါဒဖြန့်သတင်းများ ထုတ်လွှင့်နေ ...နှင့် နိုင်ငံတကာအကြား ... လူသတ်သမား လေလှိုင်းသံသတင်းဌာနဖြစ်

ယခုအခါ တပ်ပြေးဖြစ်နေသူဖြစ်သည်။ တာဝန်ထမ်းဆောင်စဉ် ဗိုလ်ကြီးအဆင့်ရှိသူသာဖြစ်သော်လည်း တပ်ပြေးဖြစ်ပြီးနောက် ဆန့်ကျင်ဘက်အဖွဲ့များအတွင်း ရောက်ရှိသည့်အခါ ၎င်းက မိမိကိုယ်မိမိ ဗိုလ်မှူးစိုင်းသိန်းဝင်းဟု လိမ်ညာပြောဆိုပြီး ဗိုလ်မှူးအဆင့်တံဆိပ်များ တပ်ဆင်၍ သတင်းထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် ၎င်းသည် တပ်ပြေးတစ်ဦးဖြစ်ရုံသာမက အခြားပြစ်မှုများကိုပါ ဖောက်ဖျက်ကျူးလွန်ထားသဖြင့် သက်ဆိုင်ရာက အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဝရမ်းပြေး
အောင်လင်းထွဋ်

ဝရမ်းပြေးအဖြစ်ကြေညာခံထားရ

ဝရမ်းပြေး အောင်လင်းထွဋ်သည် အမှတ် (၂၆) (၁၄၄)လမ်း အရှိုးကုန်း တာမွေမြို့နယ် ရန်ကုန်မြို့နေ (အဖ) ဦးအေးကျော်၊ (အမိ) ဒေါ်ခင်ကြည်တို့၏သားဖြစ်ပြီး တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် ၁၉၇၈ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ခန့်အပ်ခြင်းခံရကာ ၁၉၉၉ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဇွန် ၂၀ရက်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခဲ့သည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ မြန်မာသံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ အမေရိကန် ဒေါ်လာ ၄၅၂၅ဒေါ်လာကို ကိုယ်ကျိုးရယူသုံးစွဲမှုအတွက် ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄(က)/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂၊ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသောကြောင့် ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅(ည)/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂တို့အရ ရန်ကုန်တိုင်း တရားရုံးသို့ တရားစွဲဆိုခဲ့ရာ ၂၀၀၅ခုနှစ် မေ ၂၀ရက်တွင် ဝရမ်းပြေး အဖြစ် ကြေညာခံထားရသူဖြစ်သည်။ ထို့အပြင် သတင်းတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ နိုင်ငံတော်ပုန်ကန်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂(၂)/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂အရ ရန်ကုန်အရှေ့ပိုင်း ခရိုင် တရားရုံးမှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဝရမ်းပြေး အဖြစ် ကြေညာခံထားရသူဖြစ်သည်။

ဝေဖန်ပြောကြား

အထက်ဖော်ပြပါ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးများသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားပျက်ပြားစေရန် လုပ်ကြံဖန်တီးခဲ့သော်လည်း မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ မိသားစုများအား သက်ဆိုင်ရာက ထိန်းသိမ်းခြင်း၊ ဖမ်းဆီးအရေးယူခြင်းမရှိကြောင်းနှင့် အယ်လ်ဂျာဇီးရား၏ သတင်းထုတ်လွှင့်ချက်များကို ကြည့်ရှုရသည့် ပြည်သူများအတွင်း အဆိုပါ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးများသည် အဖျက်အမှောင့်သမားများ၏ ငွေကြေးဖြင့် စည်းရုံးသိမ်းသွင်း အသုံးချမှုခံနေရကြောင်းနှင့် ယခုကဲ့သို့ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားတစ်ခုတည်းအတွက် လီဆယ်လုပ်ကြံရန် မသင့်ကြောင်း ဝေဖန်ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့၏ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးနှင့် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေးအစီအစဉ်အဖြစ် Myanmar -Vietnam Tourism Promotion Seminar ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung နှင့် ဗီယက်နမ်ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာန ဥက္ကဋ္ဌ Mr. Nguyen Van Tuan ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးတို့ တက်ရောက်ကြပြီး မြန်မာနှင့် ဗီယက်နမ်တို့၏ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေးလုပ်ငန်းများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေး ဆွေးနွေးပွဲကို Ball.Room (3) ၌ ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာန ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့၏ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆွေးနွေးတင်ပြ

အဆိုပါ ဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဗီယက်နမ် ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Dinh Ngoc Duc ၊ လေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ Mr. Cao Xuan Phu နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုဘဏ်မှ Senior Vice President, Mr. Dao Le Nguyen တို့က ဗီယက်နမ် ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းရှင်များအချင်းချင်း အပြန်အလှန် ခရီးစဉ်ဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။ ညပိုင်းတွင် အဆိုပါဟိုတယ်၌ ညစာစားပွဲကိုကျင်းပသည်။ ယင်းဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ရက်မှစတင်၍ ပုဂံနှင့် မန္တလေးဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာ လည်ပတ်မည်ဖြစ်သည်။ (သတင်းစဉ်)

ပူတစ်လှည့်၊ အေးတစ်ခါ ကျန်းမာရေးအတွက် ဂရုပြုစရာ

ယခုနွေရာသီကာလအတွင်း ပူပြင်းမှုဒဏ်ကိုခံစားနေကြရစဉ် လွန်ခဲ့သော ၂၀၁၀ခုနှစ် မေလ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းလိုင်လာသည် မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားခြင်း မရှိခဲ့သော်လည်း ၄င်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းခဲ့သဖြင့် ပူပြင်းခြောက်သွေ့လျက်ရှိသည့်အခြေအနေမှ အမြင့်ဆုံးအပူချိန်များမှာလည်း ရက်ပိုင်းအတွင်း သိသိသာသာ ကျဆင်းသွားသည့်အတွက် ပြည်သူများအနေဖြင့် အထူးဝမ်းသာပီတိ ဖြစ်ခဲ့ကြပေသည်။

နွေဥတု(ဂိမ္ဟဥတု)၏ ကာလသည် လာမည့် ဝါဆိုလပြည့်နေ့သို့ ရောက်ရှိမှသာလျှင် ကုန်ဆုံးမည်ဖြစ်၍ မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသည်ကို ယေဘုယျအားဖြင့် မိုးဥတုသို့ကူးရောက်ပြီဟု မဆိုနိုင်သည့်နည်းတူ ယခုကာလတွင် အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်မှုအားပျော့ခြင်းကြောင့် မြန်မာနိုင်ငံကို အနောက်တောင် မုတ်သုံလေဝင်ရောက်မှု အနည်းငယ်နောက်ကျနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းချက်ထုတ်ပြန်ထားသည့်အားလျော်စွာ နွေရာသီ၏ အပူဒဏ်ကို အနည်းနှင့်အများ ခံစားကြရဦးမည်ဖြစ်သည်။ ဤကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းလိုင်လာ၏ အရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် အေးချမ်းသောခံစားမှုကို ရုတ်ချည်းရရှိလိုက်သည့်အတွက် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားလာနိုင်သည့် ရောဂါများနှင့်စပ်လျဉ်း၍ အလေးဂရုပြုရမည့်အချက်များကို ပြည်သူများအနေဖြင့် လျစ်လျူရှု နေထိုင်ကျင့်ကြံမှုများ မပြုမိကြရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသော တောင်သူလယ်သမားများအနေဖြင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်လေ့ရှိသော မိုးကြိုကာလမုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အနောက်တောင်အရပ်ဆီက မိုးသက်လေနှင်းလာရောက်မည့်အချိန်(တစ်နည်း) စိုက်ပျိုးရေးအတွက် အားကိုးအားထားပြုနေရသည့် မုတ်သုံမိုး ရွာသွန်းမည့်ရက်ကို စောင့်မျှော်လျက်ရှိချိန်တွင် အဆိုပါမုတ်သုံမိုးကို ရွာသွန်းစေမည့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ပျက်စီးဆုံးရှုံးမှုအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် မိမိတို့နေထိုင်ရာ ဒေသအလိုက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှ တစ်ဆင့် ထုတ်လွှင့်ကြေညာဖော်ပြလျက်ရှိသော မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်နှင့်အညီ ပြည်သူများအနေဖြင့် ဂရုပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်ရင်း ပြည်သူများအနေဖြင့် **တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေကျန်းမာရေးအထောက်အကူပြုစေရေး**အတွက် သိရှိလိုက်နာဆောင်ရွက်နိုင်ကြရန် ယခုလတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးရွာလိုက်၊ နေပူလိုက် တစ်နည်းအားဖြင့် **ပူတစ်လှည့်၊ အေးတစ်ခါ** ခံစားရသည့် အခြေအနေမျိုးတွင် **ဖြစ်ပွားတတ်သောရောဂါများ**နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လက္ခဏာများနှင့် သက်သာပျောက်ကင်းစေမည့် ပြုစုကုသနည်းများကို ရေးသားတင်ပြမည်ဖြစ်ပါသည်။

(၁) အဖျားရောဂါ။ ။ ဖြစ်ပွားရခြင်းအကြောင်းများမှာ အလုပ်ကို အလွန်ပင်ပန်းစွာလုပ်ကိုင်ခြင်း၊ ပူသောနေရာမှအေးသောနေရာသို့ ရုတ်တရက်သွားလာခြင်း၊ နေပူကျဲကျဲတွင် သွားလာလုပ်ကိုင်ပြီး အေးသောနေရာသို့ ရုတ်တရက်ဝင်ရောက်ခြင်း၊ နေပူနေရာမှ ရုတ်တရက် မိုးရွာသည်ကို ကြုံတွေ့ရခြင်း၊ မိုးမိခြင်း၊ အေးဖန်ချိုသော အစာများစားခြင်း၊ ရေချိုးမှားခြင်း၊ အေးသောလေတိုက်ခတ်ခြင်းကို အချိန်ကြာရှည်စွာခံစားခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။

၄င်းရောဂါဖြစ်ပွားသည့်အခါ **ရှေ့ပြေးလက္ခဏာများ**အဖြစ် ခြေဖျား၊ လက်ဖျားအေးခြင်း၊ နဖူးပူခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ဖြစ်ဆဲလက္ခဏာများအနေဖြင့် ကိုယ်လက်ကိုက်ခဲခြင်း၊ ကိုယ်ပူခြင်း၊ ချွေးငုပ်ခြင်း စသည်တို့ကိုခံစားရကာ ၄င်းရှေ့ပြေးနှင့် ဖြစ်ဆဲလက္ခဏာများနှင့်အတူ လေဒေါသကြောင့် ဖြစ်ပွားသောအဖျားရောဂါတွင် တုန်၍ဖျားခြင်း၊ ရံခါအလွန်ပူခြင်း၊ ရံခါအပူလျော့ခြင်း၊ လည်ချောင်းနှင့်နှုတ်ခမ်းများခြောက်ခြင်း စသည့်လက္ခဏာများကိုလည်းကောင်း၊ သည်းခြေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါတွင် အဖျားအပူချိန်ကြီးခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးပူခြင်း၊ တွေဝေခြင်း၊ ရေငတ်ခြင်း စသည့်လက္ခဏာများကိုလည်းကောင်း၊ သလိပ်ဒေါသကြောင့်ဖြစ်ပွားသောအဖျားရောဂါတွင် ချွေးစေးများထွက်ရှိခြင်း၊ ပျို့ခြင်း၊ အဖျားအပူရှိန်နည်းခြင်း၊ တနုံ့နုံ့ဖျားခြင်း၊ ဆီးအရောင်ဖြူခြင်း စသည့်လက္ခဏာများကိုလည်းကောင်း၊ သန္နိပါတ်ကြောင့်ဖြစ်ပွားသော အဖျားရောဂါတွင် ပူလိုက်၊ ချမ်းလိုက်ခံစားရခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်စိနီခြင်း၊ တံတွေး၌သွေးပါခြင်း စသည့်လက္ခဏာများကိုလည်းကောင်း အသီးသီးတွေ့ရှိရပေမည်။

ယင်းအဖျားရောဂါအသီးသီးတို့ကို ပြုစုကုသခြင်းနှင့်စပ်လျဉ်း၍ လေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် လေငြိမ်၍ သလိပ်ပျော်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁(မက်လင်ချဉ်) လေးပဲသားကို ရေနွေးနှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အပူကျ၍ အဖျားသက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်န်းဆေး) နှစ်ပဲသားတို့ကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် အကိုက်အခဲပျောက်၍ ချွေးထွက်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၄ (လေးညှင်းကလာပ်ဆေး)လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညပိုင်းတွင် ဆီး၊ ဝမ်းမှန်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉(ဆီးဒူလာဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း အသီးသီးတိုက်ရန်၊ သည်းခြေဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် သည်းခြေအပူသက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) လေးပဲသားကို တြိဖလ(သစ်ဆိမ့်သီး၊ ကြစု၊ ဆီးဖြူသီး) ပြုတ်ရည်နှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အပူငြိမ်း၍အဖျားကျစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး)နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်န်းဆေး)နှစ်ပဲသားတို့ကို ကင်ပွန်းချဉ်ရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညနေပိုင်းတွင် ကိုယ်လက်ကိုက်ခဲခြင်း သက်သာစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅(မတဲမြင်းမိုရ်ကုန်းဆေး)လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညပိုင်းတွင် ဆီးဝမ်းမှန်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉(ဆီးဒူလာဆေး)လေးပဲသားကို ရေအေးနှင့်လည်းကောင်း အသီးသီးတိုက်ရန်၊ သလိပ်ဒေါသကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် ချွဲ၊ သလိပ်ပျော်၍ အစိုးအာကာသရစေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)လေးပဲသားကို ချင်းပြုတ်ရည်နှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် သလိပ်ကိုနိုင်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၃(ဆေးပုလဲကလာပ်ဆေး)လေးပဲသားကို ကင်ပွန်းချဉ်ရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညနေပိုင်းတွင်အဖျားသက်သာရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅(ဇတိလဝင်္ဂဆေး)လေးပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်လည်းကောင်း၊ ညဘက်တွင်အဖျားသက်သာရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၈ (သက်ရင်းကလာပ်ဆေး)လေးပဲသားကို ဆားပြုတ်ရည်နှင့် လည်းကောင်း အသီးသီးတိုက်ရန်၊ သန္နိပါတ်ကြောင့်ဖြစ်ပွားသော အဖျားရောဂါအတွက် နံနက်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းဆေး) လေးပဲသားကို ရေကျက်အေးနှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်န်းဆေး)လေးပဲသားကို ရေနွေးနှင့်လည်းကောင်း၊ ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်န်းဆေး) လေးပဲသား ကို ရေနွေးနှင့်လည်းကောင်း၊ ညပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းဆေး)နှစ်ပဲသားနှင့် အဘိညာဉ်ဆေးနှစ်ပဲသားတို့ကို ရေကျက်အေးနှင့်လည်းကောင်း အသီးသီးတိုက်ရန် စသည်တို့ဖြစ်ပါသည်။

တင်ထွင်ရ (အစိုးရတိုင်းရင်းဆေး)

အဖျားရောဂါများ သက်သာပျောက်ကင်းစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ငြိမ်သက်စွာအနားယူရန်၊ ဝမ်းမီးအားမကောင်း၍ အစာမကြေကျက်နိုင်မီ ဆန်ပြုတ်ရည်ကျဲကျဲကိုသာသောက်ရန်နှင့် ဝမ်းမီးအားကောင်းလာသည့်အခါ ထမင်းပျော့ပျော့ကိုစတင်ကျွေးပြီး ကျောက်ဖရုံသီးဟင်းချို၊ ငါးကြင်း၊ ငါးမြင်းရေချိုချက်၍ ဖြစ်စေ၊ ကြက်သားပြုတ်ကို သံပရာရည်နှင့်သုပ်၍ဖြစ်စေ စားရန်စသည်တို့ဖြစ်ပြီး ရှောင်ကြဉ်ရမည့်အချက်များမှာ ပင်ပန်းဆင်းရဲစွာ အလုပ်ကြမ်းလုပ်ခြင်း၊ အေးလွန်းသောနေရာနှင့် ပူလွန်းသော နေရာတို့တွင် နေထိုင်ခြင်း စသည့်တို့ဖြစ်ပါသည်။ ထို့အပြင် အထောက်အကူပြုကုထုံးအနေဖြင့် ချင်းပါးပါးခုနစ်လွှာ၊ ကွမ်းရွက်သုံးရွက်၊ ထန်းလျက်အရွယ်တော်သုံးလုံး၊ ရေနှစ်ဖန်ခွက်ထည့်လျက် တစ်ခွက်စာကျန်အောင်ကျိုချက်ကာ တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးရမည်ဖြစ်ပြီး အဖျားအပူရှိန်အလွန်ကြီးပါက မုတ်ခါး၊ ဆောင်းမေးခါး၊ ရှိန်းခိုင်ါးကျပ်သားစီဖြင့် ဖော်စပ်ထားသော အဖျားပြတ်ဆေးရွှေကြီးသုံးလုံးပမာဏကို နံနက်နှင့်ညတို့တွင် ရေနွေးနှင့်သောက်ရန်ဖြစ်ပါသည်။ အကယ်၍ အဖျားအလွန်ကြီးပြီး သတိလစ်မေ့မြောလျှင်ဖြစ်စေ၊ ကယောင်ကတမ်းဖြစ်လျှင်ဖြစ်စေ၊ ရက်ကာလကြာမြင့်စွာ ဖျားနာနေလျှင်ဖြစ်စေ အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(၂) သွေးစုနာ။ ။ ဖြစ်ပွားရသည့်အကြောင်းများမှာ ရာသီဥတုအနေဖြင့် ပူလိုက် အေးလိုက်ဖြစ်ပေါ်ခြင်း၊ ပူစပ်-ချဉ်ငန်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း စသည်တို့ဖြစ်ပါသည်။ ၄င်းရောဂါ၏ **ဖြစ်ဆဲလက္ခဏာများ**အနေဖြင့် ရောင်ရမ်းခြင်း၊ ပူခြင်း၊ နီခြင်း၊ နာကျင်မှုခံစားရခြင်း၊ သွေးများစုဝေးနေခြင်း၊ အလုံးအဖုအဖြစ် တည်ရှိခြင်းနှင့် အမြစ်တွယ်ပြည်တည်ခြင်းစသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး ၄င်းသွေးစုနာကို ပြုစုကုသမှုနှင့်စပ်လျဉ်း၍ **သောက်ဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်န်းဆေး)နှစ်ပဲသားတို့ကို ရေနွေးနှင့် တစ်နေ့လျှင် သုံးကြိမ်မှလေးကြိမ်အထိလည်းကောင်း၊ အကယ်၍ ဝမ်းချုပ်ပါက ညအိပ်ရာဝင်ချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂(စက္ခုပါလဆေး) လေးပဲသားကို ရေအေးနှင့်လည်းကောင်း၊ ဆီးချိုရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားကို တစ်နေ့လျှင် လေးကြိမ်နှုန်းဖြင့်လည်းကောင်း အသီးသီးတိုက်ရန်ဖြစ်ပြီး လူနာသည် ၁၂နှစ်အောက်ကလေးဖြစ်ပါက ဖော်ပြပါ ဆေးအချိန်အဆ ပမာဏအသီးသီး၏ တစ်ဝက်နှုန်းဖြင့် တိုက်ရန်ဖြစ်ပါသည်။ အနာရှိသွေး၊ ပြည်အညစ်အကြေးများကို အဏုမြူဖန်ဆေးရည်နှင့်ဆေးပြီး အနာကိုစင်ကြယ်သန့်ရှင်းအောင်ဆောင်ရွက်၍ **အနာကပ်ဆေး**အဖြစ် အနာ အသားနုတက် ဖယောင်းချက်အညိုကို ပတ်တီးစတွင် ပါးပါးသုတ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃(က) (ဆားငါးပါးဆေး) တစ်ပဲသားကိုထည့်ပြီး အုံပေးရန် ဖြစ်ပါသည်။

သွေးစုနာရှိသူအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ အေး၊ ခါးအရသာရှိသော ဆေးဝါးအစားအစာများနှင့် အရည်ရွှမ်းသော အသီးအနှံများ စားရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်၍ လေကောင်းလေသန့်ရှူရှိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရမည့်အချက်များမှာ ပူစပ်-ချဉ်ငန်အရသာရှိသောဆေးများ၊ အေးချို-ဆိမ့်ဆေးဝါးအစားအစာများကို တစ်ဖက်လွန်စားခြင်း၊ မကောင်းသောအနံ့အသက်များရှူရှိုက်ခြင်း စသည်တို့ဖြစ်ပါသည်။ သွေးစုနာပေါက်သူတွင် ကူးစက်ရောဂါရှိခြင်း၊ ဆီးချို၊ သွေးချို ပြင်းထန်ပြီး ကျောက်ကပ်ပျက်စီးခြင်း၊ အလွန်သွေးအားများခြင်း၊ သွေးစုနာများ တစ်ကိုယ်လုံးအနှံ့ဆက်ကာ ဆက်ကာဖြစ်ပေါ်ခြင်း စသည်တို့ကို တွေ့ရှိရပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(၃) ဝဲယားနာ။ ။ ဖြစ်ပွားရခြင်းအကြောင်းမှာ ရာသီဥတုအပူအအေးပြောင်းလဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊ ရောဂါပိုးကူးစက်ခံရခြင်း စသည်တို့ဖြစ်ပြီး ခန္ဓာကိုယ်ရှိ အရေပြားများယားယံခြင်း၊ အရည်ထွက်ခြင်း၊ အခြားနေရာများသို့ ပျံ့နှံ့ခြင်းစသည်ဖြင့် အရေပြားပေါ်တွင် ပြည်တည်နေပြီး အရည်စို နေစဉ်ကာလကို အစို(ဝဲစို)ဟုလည်းကောင်း၊ အရည်ခြောက်ပြီး အရေပြား အရောင်မည်းနေစဉ်ကာလကို အခြောက်(ဝဲခြောက်)ဟုလည်းကောင်း သတ်မှတ်ခေါ်ဆိုလေ့ ရှိကြပါသည်။ ၄င်းရောဂါ၏ **ဖြစ်ဆဲလက္ခဏာများ** အနေဖြင့် ဝဲယားနာ(အစိုနာ)တွင် ယားယံခြင်း၊ အရေပြားအကြားတွင် ဖြစ်ပေါ်ခြင်း၊ ပြည်တည်သော အနာဖေးများတွေ့ရှိရခြင်း၊ ၄င်းအနာဖေးများကို ခွာလိုက်ပါက တွင်းသဏ္ဌာန်တွေ့ရှိရခြင်းနှင့် ကူးစက်တတ်ခြင်း စသည်တို့ကို လည်းကောင်း၊ ဝဲယားနာ(အခြောက်နာ)တွင် ယားယံခြင်း၊ အရေပြားအကြားတွင် ဖြစ်ပေါ်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ အရေပြားအရောင် မည်းခြင်းနှင့် ကူးစက်တတ်ခြင်း စသည်တို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရမည်ဖြစ်သည်။

ဝဲယားနာအတွက် **သောက်ဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ)နှစ်ပဲသားနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၇ (နွယ်ချိုကဲဆေး)နှစ်ပဲသားတို့ကို ရေနွေးနှင့် တစ်နေ့လျှင် သုံးကြိမ်မှ လေးကြိမ်အထိတိုက်ရန်၊ အကယ်၍ဝမ်းချုပ်ပါက ညအိပ်ရာဝင်ချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၂(စက္ခုပါလဆေး)လေးပဲသားကို ရေအေးနှင့်တိုက်ရန်၊ ကလေးများအတွက် ဖော်ပြပါဆေးအချိန်အဆပမာဏ အသီးသီး၏ တစ်ဝက်နှုန်းကိုသာ တိုက်ရန်နှင့် ဆီးချိုရှိသူဖြစ်ပါက ဆီးချို ကျဆေးကိုပါ တွဲဖက်တိုက်ပေးရန်ဖြစ်သည်။ ၄င်းဝဲယားနာကို လက်ဖက် ခြောက်ပြုတ်ရည်ဖြင့်ဖြစ်စေ၊ တမာရွက်ပြုတ်ရည်ဖြင့် ဖြစ်စေ ဖန်ဆေးပေးရမည်ဖြစ်ပြီး **လိမ်းဆေး**အဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဓေယျဆေးစပ်ကြီး) တစ်ဆနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး) နှစ်ဆတို့ကို ရောစပ်လျက် သနပ်ခါးရည်ဖြင့် လူးပေးရန်ဖြစ်သည်။ ဝဲယားနာ ရောဂါရှိသူအနေဖြင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို အမြဲဂရုစိုက်၍ အေးခါး အရသာရှိသော အစားအစာများကို စားရမည်ဖြစ်ပြီး အေးချိုဆိမ့်အစားအစာများကိုစားခြင်း၊ မသန့်ရှင်းသောမြေ၊ ရေ၊ လေ၊နေရာထိုင်ခင်း၊ အထိအတွေ့၊ မကောင်းသော အနံ့အသက်၊ ညှော်စသည်တို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အကယ်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ယှဉ်တွဲနေသော နာတာရှည် ဝဲယားနာများ ဖြစ်ပွားပါက သင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရမည်။

(၄) သွေးလွန်တုပ်ကွေးရောဂါ။ ။ဖြစ်ပွားရခြင်းအကြောင်းများမှာ အပူနှင့်အအေး အားပြိုင်သောဥတု (ပူတစ်လှည့် အေးတစ်လှည့်)ဒဏ်ခံစားရခြင်း၊ အေးဒီးစ်ခြင်(Aedes-aegypti)ကိုက်ခြင်းမှကူးစက်ခံရခြင်း၊ ခန္ဓာကိုယ်တွင်း တေဇောဓာတ်လွန်ကဲဖောက်ပြန်ပြီး အပူချိန်ပြင်းထန်၍ ဖျားခြင်းစသည်တို့ဖြစ်သည်။ ၄င်းရောဂါ၏ **ရှေ့ပြေးလက္ခဏာများ**အဖြစ် တငွေ့ငွေ့ဖျားခြင်း၊ ကိုယ်ပူခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ မှိုန်းနေလိုခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲလက္ခဏာများ**မှာ ရောဂါအစပျိုးချိန်တွင် ဖျားနာနေရာမှ ရုတ်တရက် အပြင်းဖျားခြင်း၊ ကြွက်သားများနာခြင်း၊ အဆစ်များနာခြင်း၊ အရေပြားအစက်အပြောက်များထွက်ခြင်း၊ သွေးလန့်ခြင်း၊ သွေးလှည့်ပတ်မှုပျက်စီးခြင်း၊ မအီမသာဖြစ်ခြင်း၊ ရင်ညွန့်တွင် မအီမသာဖြစ်ခြင်း၊ ညာဘက်အသည်းနေရာ နာခြင်းနှင့် သွေးခြေဥသကဲ့သို့ အရေပြားတွင် အစက်အပြောက်ထွက်ခြင်း စသည်တို့ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကို အဆင့်ဖြင့် ခွဲခြားမည်ဆိုပါက **ပထမအဆင့်** လက္ခဏာမှာ ဖျားခြင်းနှင့် Tourniquet test(ခေါ်)သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် ဖိအားပေးလျှင် လက်ဖျံရှေ့၌ အစက်အပြောက်များထွက်လာတတ်ခြင်း၊ **ဒုတိယအဆင့်**လက္ခဏာမှာ အထက်ပါလက္ခဏာများအပြင် အရေပြားအောက်၌ အလိုလိုသွေးယိုခြင်း၊ **တတိယအဆင့်**လက္ခဏာမှာ သွေးလှည့်ပတ်မှုပျက်ယွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းလျှင် အရေးပေါ်သွေးနှင့်အောက်သွေးခြားနားမှုအလွန်နည်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ အရေပြားအေးစက်လာခြင်း၊ **စတုတ္ထအဆင့်**လက္ခဏာမှာ သွေးလန့်ခြင်းဖြစ်လာပြီး အရေပြားများအေးစက်နေခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ပါးစပ်တစ်ဝိုက်ပြာလာခြင်းနှင့်သွေးပေါင်ချိန်တိုင်းရာ၌ အပေါ်သွေး-အောက်သွေးခြားနားချက် အလွန်လျော့နည်းလာခြင်း၊ ၂၀မီလီမီတာပြဒါး(20mmHg) သို့မဟုတ် ၄င်းထက်နည်းခြင်း၊ သွေးပေါင်ချိန်လျော့နည်းလာခြင်း စသည်တို့ ဖြစ်လာတတ်ကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်ခြင်းတို့ ဖြစ်ပါသည်။

၄င်းသွေးလွန်တုပ်ကွေးရောဂါအတွက် ပြုစုကုသနည်းမှာ အချိုရည်များများတိုက်ရန်၊ ကဲ့ကော်ဝတ်ဆံပြုတ်ရည်ကို သကြား/ဂလူးကို့စ်တို့ဖြင့် အချိုပေါ့တိုက်ပေးရန်၊ အဘိညာဉ်ဆေးအေးတစ်ပဲသားကို ကဲ့ကော်ဝတ်ဆံပြုတ်ရည်နှင့် တစ်နေ့လေးကြိမ်တိုက်ရန်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၄ (သူငယ်နာမှတ် လေးစင်းဆေး)ချွေးလေး တစ်ချွေး တစ်နေ့နှစ်ကြိမ်တိုက်ရန်တို့ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်းဆယ်ပါးဆေး)ကို သနပ်ခါး၊ ကရမက်တို့ဖြင့် အရည်ကျဲကျဲလိမ်းပေးရန်ဖြစ်သည်။ ဂရုပြုလိုက်နာဆောင်ရွက်ရမည့်အချက်များမှာ မိခင်နို့ရည်ကို အထူးဂရုစိုက်တိုက်ရန်၊ဖော်ပြခဲ့သော ကဲ့ကော်ဝတ်ဆံပြုတ်ရည်နှင့် သကြား/ဂလူးကို့စ်တို့ကို မကြာခဏတိုက်ပေးရန်နှင့် ကြေကျက်လွယ်ပြီး အားဖြစ်စေသော ဆန်ပြုတ်ကျဲကျဲကို တိုက်ပေးရန်တို့ဖြစ်၍ ရှောင်ကြဉ်ရမည့် အချက်များမှာ ပူ-ခါး-စပ် အရသာရှိသောဆေးများ၊ ဆေးပြား၊ဆေးမှုန့်များ တိုက်ကျွေးခြင်းနှင့်မာသော အစာများ ကျွေးခြင်းတို့ဖြစ်သည်။ အကယ်၍ လူနာသည် သွေးပေါင်ချိန်ခြားနားချက်အလွန်နည်းခြင်း၊ အပြင်းဖျား၍ သတိလစ်ခြင်း၊ သွေးလန့်ခြင်း၊ သွေးအန်ခြင်းများ ဖြစ်ပွားလာပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

(ဆက်လက်ဖော်ပြပါမည်)

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခမ်းနားစွာဖွင့်လှစ် အိမ်ရှင်တောင်အာဖရိကနှင့် မက္ကဆီကို ပွဲဦးထွက်တစ်မှတ်စီရ

➤ မြင့်မောင်စိုး-စုစည်းရေးသားသည် ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းနိုင် (မြန်မာ့အလင်း)

ဂျိုဟန်နစ္စဘတ် ဇွန် ၁၁

တစ်ကမ္ဘာလုံးက မျှော်လင့်စောင့်စားနေသော ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ ဆောကာစီးတီး အားကစားကွင်းကြီး၌ ဇွန် ၁၁ရက် နံနက်က ခမ်းနားသိုက်မြိုက်စွာဖွင့်လှစ်လိုက်ပေပြီ။ ဖွင့်ပွဲအခမ်းအနားမတိုင်မီ ကမ္ဘာတစ်ဝန်းမှ ခြေစစ်ပွဲအောင်ခဲ့သော နိုင်ငံကိုယ်စားပြုဘောလုံးအသင်း ၃၂သင်းမှ နည်းပြများနှင့် ဘောလုံးသမားအား ဘောလုံးချစ်သူပရိသတ်များက အလံများဝှေ့ယမ်း၍လည်းကောင်း၊ လက်များဝှေ့ယမ်း၍လည်းကောင်း ကွင်းအတွင်းသို့ အသီးသီး ဝင်ရောက်လာကြသည်။

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် တက်ရောက်လာသောကစားသမားများနှင့် ဘောလုံးချစ်ပရိသတ်များကို ဤသို့ တွေ့ရသည်။

ထိုအချိန်တွင် ဆောကာစီးတီး ဘောလုံးကွင်းကြီး ကောင်းကင်ယံတွင် ရဟတ်ယာဉ်များက ကွင်းကိုပတ်လျက် ဝဲပျံနေခဲ့သည်။ ကွင်း၏ ဘေးပတ်ပတ်လည်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် ၃၄၀၀၀တို့ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် အခြားစေတနာ့ဝန်ထမ်း ၁၀၀၀၀ခန့်ကိုလည်း ပရိသတ်များအကြား ဖြန့်ကြက်ထားသည်။

တက်ရောက်

အခမ်းအနားသို့ တောင်အာဖရိက သမ္မတ ဂျာကော့ဇူမာ၊ မက္ကဆီကို သမ္မတ ဖီးလစ်ကယ်ဒါရွန်၊ ဇင်ဘာဘွေ သမ္မတ ရောဘတ်မူဂါဘီ၊ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဖီဖာမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ ကမ္ဘာ့ဖလားဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် မီးကျည်မီးပန်းများ ပစ်ဖောက်၍ ဖွင့်လှစ်လိုက်ရာ ဆောကာစီးတီး ဘောလုံးကွင်းကြီး တစ်ခုလုံးလင်းထိန်တောက်ပလျက် ဖွင့်ပွဲအခမ်းအနား၏ အလှပဆုံးမြင်ကွင်းအဖြစ် မြင်တွေ့ကြရသည်။

သမိုင်းတင်

ယနေ့အချိန်အခါသည် ကမ္ဘာ့ဖလားကို အာဖရိကမြေတွင် ပထမဆုံး ကျင်းပခွင့်ရသည့်နေ့ဖြစ်ခြင်းကြောင့် သမိုင်းမှတ်တမ်းတင်ရမည့်နေ့ တစ်နေ့ပင်ဖြစ်ကြောင်း၊ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြီးနောက် အာဖရိကမြေတွင် ပထမဆုံးကမ္ဘာ့ဖလား ကျင်းပခွင့် ရွေးချယ်ခံရသည်မှစ၍ ဘောလုံးအားကစားကွင်းကြီး၁၀ကွင်းကို ပေါင် ၃ ဒသမ ၅၅ ဘီလီယံအကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း၊အကြီးဆုံးမှာ ဆောကာစီးတီးကွင်းကြီး ဖြစ်ကြောင်း၊ ပရိသတ်၈၄၇၀၀၀ဝင်ဆံ့ကြောင်း၊ ကမ္ဘာ့ဖလားကို ပွဲစဉ်ပေါင်း ၆၄ပွဲကစားပြီး ပိတ်ပွဲအခမ်းအနားကို ဇူလိုင်၁၁ရက်၌ ဆောကာစီးတီးကွင်း၌ပင် ကျင်းပမည်ဖြစ်ကြောင်း တောင်အာဖရိက သမ္မတဇူမာက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဖျော်ဖြေ

ဖွင့်ပွဲအခမ်းအနားကို မိနစ်၄၀ကြာ ကျင်းပခဲ့သည်။ ညနေပိုင်းတွင် အမေရိကန် ပေါ့အဆိုတော် အာကယ်လီ ဦးဆောင်သော အဖွဲ့က အာဖရိကကချေသည်အနုပညာရှင်များနှင့်အတူ သီဆိုဖျော်ဖြေခဲ့ကြသည်။ ထိုအချိန်တွင် ကိုလံဘီယာပေါ့အဆိုတော် ရှာကီယာကလည်း ဝါကာဝါကာအမည်ရှိ ကမ္ဘာ့ဖလားသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အဆိုပါ ကမ္ဘာ့ဖလားဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲများကို နိုင်ငံနှင့်ဒေသ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ဂရမ်မီဆုရ အမေရိကန် ပေါ့အဆိုတော် အာကယ်လီနှင့် တောင်အာဖရိက အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ဤသို့တွေ့ရသည်။

ပေါင်း ၂၁၅ခုမှ ဘောလုံးချစ်ပရိသတ် သန်းပေါင်းများစွာတို့အား ရုပ်မြင်သံကြား ကြည့်ရှုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အုပ်စု(က)မှ အိမ်ရှင်တောင်အာဖရိက ဘောလုံးအသင်းနှင့် မက္ကဆီကိုအသင်းတို့ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ အပြန်အလှန် သွင်းယူပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြသည်။

ပွဲစသည်နှင့် ဂိုးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ သို့သော် ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြပေ။ ဒုတိယပိုင်း ပြန်စချိန်တွင် အိမ်ရှင်တောင်အာဖရိကကစားသမားများ ဂိုးရရှိရေး ဖိကစားလာသည်။ ပွဲချိန်၅၅မိနစ်တွင် တီရှာဘာလာလာက ဒစ်ကာကွိုင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် အိမ်ရှင်တောင်အာဖရိကအသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။

ချေပဂိုး

မက္ကဆီကိုတိုက်စစ်မှူးများ ချေပဂိုး သွင်းနိုင်ရေး ပြန်လည်ထိုးဖောက်ကစားခဲ့သည်။ မက္ကဆီကိုတို့ ဘောလုံးပိုင်ဆိုင်မှုနှင့် ဂိုးပေါက်ဖန်တီးမှုပိုကောင်းလာသည်။ ပွဲချိန်၇၈မိနစ်တွင် မားကွက်ဇ်ကဂွါဒါဒို၏ ဖြတ်တင်ဘောမှတစ်ဆင့်မက္ကဆီကိုအသင်း အတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပရဲယား၏ တောင်အာဖရိကအသင်း သည် မက္ကဆီကို တိုက်စစ်မှူးများ၏ တန်ပြန်တိုက်စစ်ကို မထိန်းနိုင်သော်လည်း ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည်။ တောင်အာဖရိကအသင်းသည် ကမ္ဘာ့ဖလားမတိုင်မီက ဂွါတီမာလာနှင့် ဒိန်းမတ်အသင်းများကို ခြေစမ်းပွဲတွင် အနိုင်ရခဲ့သည့်အသင်းဖြစ်သည်။ ဒုတိယ ပွဲစဉ်တွင် ပြင်သစ်နှင့် ဥရုဂွေးတို့ ဂိုးမရှိ သရေကျခဲ့သည်။ ။

အိမ်ရှင်တောင်အာဖရိကအသင်းအတွက် အဖွင့်ဂိုးကို တီရှာဘာလာလာက ဤသို့ သွင်းယူပေးခဲ့ပါသော်လည်း····။

ကိုးကား-အင်တာနက်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၁၀

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး

၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်

၈:၁၀ ၇။ အကပြိုင်ပွဲ

၈:၁၅ ၈။ ကြိုဆိုလျက်ပါ

၈:၃၀ ၉။ တေးဂီတအစီအစဉ်

၈:၄၀ ၁၀။ International News

၈:၄၅ ၁၁။ Local Talent

၈:၅၀ ၁၂။ ရာဇဝင်ဒိုင်တံတား(အမှတ်-၁)

၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၂၀ ၅။ Yan Can Cook

၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၅)

၁၃:၂၀ ၇။ **ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု**

၁၃:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၃:၄၀ ၉။ **လောကနီတိ** (လှပခြင်း၏အဓိပ္ပာယ်) အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ-ဦးခင်ဇော်)

၁၄:၂၀ ၁၀။ တေးဂီတအစီအစဉ်

၁၄:၃၀ ၁၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)

၁၄:၅၀ ၁၂။ International News

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ F.C နှင့် ဒယ်လ်တာ ယူနိုက်တက် F.C)

၅:၄၅ ၂။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တောင်ကိုရီးယားအသင်းနှင့် ဂရိအသင်း)

၈:၀၀ ၃။ ပြည်တွင်းသတင်း

၄။ နိုင်ငံတကာသတင်းများ

၅။ မိုးလေဝသအခြေအနေ

၆။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)

၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၂)

၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၅)

၉။ ဂီတတံခါးလေးဖွင့်ပါဦး

၁၀။ အစီအစဉ်ပြီး၏။

လပွတ္တာမြို့၌ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးအတတ်ပညာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာ သင်တန်းအမှတ်စဉ်(၄)ဆင်းပွဲကို ဇွန်၄ရက် နံနက်၈နာရီက ဧရာဝတီတိုင်း လပွတ္တာမြို့ (၃)မိုင်မြို့သစ်ရှိ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးအတတ်ပညာသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်သမားသင်တန်း၌ ပထမဆုရ မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၁)ရပ်ကွက်မှ ဦးမင်းသူ၊ ဒုတိယဆုရ မော်လမြိုင်ကျွန်းမြို့ အမှတ်(၂)ရပ်ကွက်မှ ဦးမြင့်ဌေးနှင့် တတိယဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးစိုးသန်း၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း၌ ပထမဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးရွှေတင်၊ ဒုတိယဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးလှဝင်းနှင့် တတိယဆုရ လပွတ္တာမြို့ အမှတ်(၆)ရပ်ကွက်မှ ဦးရဲထက်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းသားများ ကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သင်တန်းသားများ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို မေ၃ရက်မှစ၍ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကာ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ ဘာသာရပ်တစ်ခုလျှင် သင်တန်းသား ၅၀စီဖြင့် စုစုပေါင်း သင်တန်းသား ၁၀၀သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်း၊ သင်တန်းသားများ၏ နေထိုင်စားသောက်ရေး၊ ဝတ်စုံနှင့် ခရီးစရိတ်များ အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်စက်ချုပ်အထူးသင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်နေကြသော သင်တန်းသူ၃၀နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၄)တွင် တက်ရောက်နေကြသော သင်တန်းသူ၃၀တို့၏ လက်တွေ့သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပွဲတော် တောင်ကုတ်၌ကျင်းပ

တောင်ကုတ် ဇွန် ၁၁

တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ရက်က တောင်ကုတ်မြို့အဝင် ကျောက်ဖြူ-ရန်ကုန် ကားလမ်းဘေး၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးညိုစောနှင့် အရာရှိကြီးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ကျွန်းပင် ၇၀၀၊ ယူကလစ်ပင် ၃၀၀ စုစုပေါင်းအပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ) (သတင်းစဉ်)**

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နမ္မတူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၂၈လက်မ၊ လားရှိုးမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဟားခါးမြို့တွင် ၁ဒသမ ၆၉ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၈လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့နှင့် ဂန့်ဂေါမြို့တို့တွင်၁ ဒသမ ၁၈လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၂ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇွန် တတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဂရိအသင်းကို ခက်ခဲစွာ ရင်ဆိုင်ရမယ့် အာရှမှ တောင်ကိုရီးယား

အမေရိကန်ကို အင်္ဂလန်ဘင်သံဖြင့် ဖုံးလွှမ်းအောင်ပွဲခံနိုင်ပါ့မလား

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ပ်တောင်း ဇွန် ၁၁

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိက၌ စတင်ကျင်းပနေပြီဖြစ်ရာ ဇွန် ၁၂ရက် (ယနေ့)၌ တောင်ကိုရီးယားနှင့် ဂရိ၊ အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယား၊ အင်္ဂလန်နှင့် အမေရိကန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အသင်းတိုင်း အဖွင့်ပွဲစဉ်များ၌ နိုင်ပွဲရလဒ်များ သိမ်းပိုက်နိုင်ရေးအတွက် အကြိတ်အနယ် ခြေကုန်ထုတ်ကြရမည့် ပွဲများပင်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ဂရိ

ခြေစမ်းပွဲ ရလဒ်များအရ တောင်ကိုရီးယားတို့ ဥရောပအသင်းများနှင့် ဆုံတိုင်း ကံမကောင်းတတ်ချေ။ သို့သော် ခြေစမ်းပွဲများတွင် စပိန်ကို တစ်ဂိုးတည်းနှင့်ကပ်ပြီးရှုံးခဲ့သော ခြေစွမ်းက လျှော့တွက်၍မရ။ ဂျပန်၊ အီကွေဒေါနှင့် အိုင်ဗရီကို့စ်အသင်းများကို နှစ်ဂိုးပြတ် အနိုင်ယူခဲ့သည့်အတွက် ဂရိကို ယှဉ်ရန် စိုးရိမ်စရာတော့ သိပ်မရှိချေ။ ဝါရင့်တိုက်စစ်မှူး လီဒေါင်ဂွတ် ဒဏ်ရာသက်သာပြီး ကြံ့ခိုင်ကာ ပါဝင်ကစားလျှင် ဂရိနောက်တန်းကို ခြိမ်းခြောက်နိုင်မည်။ ပတ်ဂျီဆန်၊ ကင်ဂျောင်ဝူးနှင့် လီချွန်ယောင်တို့အုပ်စု တိုက်စစ်ပံ့ပိုးပြီး အုပ်စုဖွဲ့ ထိုးဖောက်ကစားပါက ယိုဘိုတို့

ဂရိ နောက်တန်းကို ပတ်ဂျီဆန် ဘယ်လိုကျော်ဖြတ်ဂိုးသွင်းနိုင်မလဲ....။

ဦးဆောင်သည့် ဂရိနောက်တန်း အမှားများ ဖြစ်ပေါ်လာနိုင်သည်။ ၄း၄း၂ အခင်းအကျင်းနှင့် အသားကျနေသော တောင်ကိုရီးယားနောက်တန်း၌ လီယောင်ပြိုတို့ တည်တည်ငြိမ်ငြိမ် ကစားနိုင်လျှင် ဂရိကို သရေပွဲရလဒ်မျှော်လင့်နိုင်သည်။ ခြေစမ်းပွဲ ငါးပွဲ၌ နှစ်ဂိုးသာပေးခဲ့ရသော တောင်ကိုရီးယားနောက်တန်းက ဂရိတိုက်စစ်မှူးများကို ဟန့်တားနိုင်လျှင် အနည်းဆုံး တစ်မှတ်တော့ ရနိုင်ပါသည်။

၄း၃း၃ အခင်းအကျင်းနှင့် ပွဲထွက်လာမည့် ဂရိအသင်းက ယခင်ကလို ခံစစ်မာကျောမှုတော့မရှိချေ။ ခြေစမ်းပွဲများ၌ ပါရာဂွေးကို နှစ်ဂိုးပြတ်ရှုံးပြီး မြောက်ကိုရီးယားကို နှစ်ဂိုးစီသရေကစားထားမှုက အားရစရာမရှိပေ။ ဂရိရှေ့တန်းတွင် ဆာမာရက်နှင့် ဂီကတ်တို့ကလည်း ဂိုးသွင်းစွမ်းရည် တက်မလာ။ ကွင်းလယ်မှ ရူးနင်၊ ကတ်ဆိုရာနစ်တို့က တိုက်စစ်ကို ဖြည့်ဆည်းပေးနိုင်သူများဖြစ်၍ ဂရိတိုက်စစ်က ရုပ်ပျက်ဆင်းပျက် မဖြစ်ခြင်းပင်။ သို့သော် ပူးယော့စ်၊ မိုရက်စ်နှင့် ရီဒစ်တို့က အမှားအယွင်းနည်းကြသဖြင့် ဂရိနောက်တန်းကား တည်တည်ငြိမ်ငြိမ်ရှိနေသည်။ ဂရိနှင့် တောင်ကိုရီးယားတို့ ၂၀၀၆ခုနှစ်က တစ်ကြိမ်၊ ၂၀၀၄ခုနှစ်က တစ်ကြိမ်ဆုံခဲ့ဖူးသည်။ ၂၀၀၄ခုနှစ် အိုလံပစ်တုန်းက နှစ်ဂိုးစီသရေပွဲဖြစ်ပြီး ၂၀၀၆ခုနှစ် ဆော်ဒီအာရေဗျ၌ ကစားခဲ့သည့်ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ယခုပွဲစဉ်၌ ဂရိကို ပိုပြီးအားရသော်လည်း နိုင်ပွဲရလဒ်အတွက် အခွင့်အရေးက ဆတူရှိနေမလား သုံးသပ်မိသည်။

အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယား

ယခုပွဲကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ အီလစ်ပက်ခ်ဘောလုံးကွင်း၌ ဇွန် ၁၂ရက် မြန်မာစံတော်ချိန် ညနေ၅နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဂျင်တီးနားနည်းပြ မာရာဒိုနာက ၄း၄း၂ ဖျူဟာဖြင့် လေ့ကျင့်ပုံသွင်းထားသည်။ လူငယ်၊ လူကြီး တွဲဖက်စုစည်းထားသည်။ အလယ်တန်း၌ ဗီရွန် ထည့်ထားသကဲ့သို့ ခံစစ်၌ ဟိန့်ဇ်တို့လို အတွေ့အကြုံရှိသူများကို တွဲဖက်ထားသည်။ ရှေ့တန်း၌ မက်ဆီ၊ ဟီဂူအင်တို့ကဲ့သို့ ခြေစွမ်းခြေစရှိပြီး ပါးနပ်သူများကို တင်ထားပေးသည်။ အကျိုးကျေးဇူးကား ခြေစမ်းပွဲများ၌ ကနေဒါကို ငါးဂိုးပြတ်၊ ဟေတီကို လေးဂိုးပြတ်၊ ဂျာမနီကို တစ်ဂိုး-ဂိုးမရှိ၊ ဂျမေကာကို နှစ်ဂိုး-တစ်ဂိုးနှင့် ကော်စတာရီကာကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်။ ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီအောင်ပုံသွင်းထားသော နည်းပြမာရာဒိုနာ၏ အာဂျင်တီးနားက နိုင်ဂျီးရီးယား၏အိပ်မက်ကို ပျက်ယွင်းအောင်လုပ်မည်မှာ အမှန်ပင်။

ယာကူဘူနှင့် မာတင်တို့ဦးဆောင်မည့် နိုင်ဂျီးရီးယားကား နောက်ဆုံး ငါးပွဲတွင် တစ်ပွဲမျှမရှုံးခဲ့။ ကွင်းလယ်တွင် အူတာကာနှင့် အိုကာတီတို့ကို တွန်းတွန်းတိုက်တိုက် ကစားပြီး ကစားကွက်ကို ထိန်းနိုင်သူများရှိနေသည်။ သို့သော် နိုင်ဂျီးရီးယားနောက်တန်းကား အာဂျင်တီးနားအသင်းတိုက်စစ်မှူးများ၏ အရှိန်အဟုန်ဖြင့် ထိုးဖောက်မှုကို ထိန်းနိုင်ဖွယ်မရှိချေ။ နောက်တန်းခံစစ်တွင် ယိုဘို၊ အပိုယာဘီတို့က မက်ဆီတို့လို လျင်မြန်သည့် တိုက်စစ်မှူးများကို ထိန်းချုပ်နိုင်ဖို့

နိုင်ဂျီးရီးယားဘက်သို့ မက်ဆီ ဂိုးသွင်းယူနိုင်ပါ့မလား....။

မလွယ်ချေ။ သို့သော် ပြီးခဲ့သည့် သီတင်းပတ်က မြောက်ကိုရီးယားအသင်းနှင့် ခြေစမ်းပွဲကစားရာ၌ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရထားသည်။ အာဖရိက လင်းယုန်များ၏ ခြေစွမ်းကလည်း လျှော့တွက်၍မရ။ သို့ရာတွင် အဆုံးသတ် ဂိုးသွင်းမှုအပိုင်း၌ နိုင်ဂျီးရီးယားတိုက်စစ်မှူးများက အာဂျင်တီးနားမှ မက်ဆီ၊ ဟီဂူအင်နှင့် တီဗက်ဇ်တို့လို ကစားသမားများနှင့် မယှဉ်နိုင်။ အဖွင့်ပွဲစဉ်၌ အာဂျင်တီးနားတို့က နိုင်ဂျီးရီးယားကို အနိုင်ပွဲမျှော်လင့်ချက်ပေးမည်မဟုတ်ဟု တွက်ဆမိသည်။

အင်္ဂလန်နှင့် အမေရိကန်

ယခုနှစ်ကမ္ဘာ့ဖလားကို အိပ်မက်မက်နေသော အင်္ဂလန်တို့ အဖွင့်ပွဲစဉ်၌ ပရိသတ်များ ရင်အေးအောင် ကစားမည်ဖြစ်သည်။

အင်္ဂလန်ပရိသတ်များ အောင်ပွဲခံနိုင်ဖို့ ရွန်နေ ဂိုးသွင်းပြီး စွမ်းဆောင်ပေးမှာလား....။

အင်္ဂလန်၏ နောက်ဆုံးငါးပွဲရလဒ် အနေအထားကို ကြည့်လျှင် ဘရာဇီးကို တစ်ဂိုး-ဂိုးမရှိ ရှုံးထားခဲ့သည်မှလွဲပြီး ဂျပန်၊ မက္ကဆီကို၊ အီဂျစ်နှင့် ဘီလာရုစ်တို့ကို အနိုင်ရထားသည်။ ဖာဒီနန် မပါသော်လည်း ကစားအားမယိမ်းယိုင်နိုင်။ အက်ရှ်လေကိုး၊ တယ်ရီ၊ ဂျွန်ဆင်နှင့် ကင်းတို့က အတွေ့အကြုံရှိသူများဖြစ်သည်။ ကွင်းလယ်၌ ဂျရတ်နှင့် လမ်းပတ်တို့အားက အမေရိကန်မှ ဒမ်ဆေးနှင့် ဒိုနိုဗန်တို့ထက် သာလွန်သည်။ တိုက်စစ်တွင် ရွန်နီ၏ အဟုန်ပြင်းပြင်း ထိုးဖောက်မှုက ဂိုးများရရှိစေနိုင်သည်။ အင်္ဂလန်သည် အမေရိကန်ကို ဂိုးမပြတ်သော်လည်း ကပ်ပြီး အနိုင်ရသွားနိုင်သည်။

သို့သော် အမေရိကန် ဂိုးသမား တင်ဟောင်းဝပ်က မန်ယူတွင် ရွန်နီနှင့် တွဲကစားဖူးသည်။ ရွန်နီ၏ အထာကို သိနေသည်။ သို့သော် အမေရိကန် ခံစစ်မှူးများဖြစ်သည့် ဒီမာရစ်တို့အုပ်စုက ဂိုးဧရိယာအတွင်း အမှားလုပ်တတ်သည်ဖြစ်ရာ သတိထားရမည်ဖြစ်သည်။ ရွန်နီ၏ တိုက်စစ်ကို ထိန်းနိုင်ဖို့မလွယ်ဟု တွေးဆမိသည်။ အင်္ဂလန်တို့ ဘင်သံဝေစည်စွာဖြင့် အောင်ပွဲရနိုင်မည်ဟု သုံးသပ်မိပါသည်။ ။

ကိုးကား-အင်တာနက်

ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ဟိုပုံး ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ရက်က ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှထွန်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကျောင်းသားနှစ်ဦး၊ အထက်တန်းအဆင့် ကျောင်းသားခုနစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၁၀ဦးနှင့် မူလတန်းအဆင့် ကျောင်းသား ၁၃ဦး စုစုပေါင်း ၃၂ဦးတို့အား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၄၀၀၀ကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းရဲစခန်းနှင့် ရထားရဲတပ်စုတို့တွင် ပညာသင်စရိတ် ထောက်ပံ့

လက်ပံတန်း ဇွန် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်လတ်၏ စီစဉ်မှုဖြင့် မေ ၃၁ရက် မွန်းလွဲ ၁နာရီက လက်ပံတန်းရဲစခန်းအစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင် စရိတ်ပေးအပ်ပွဲကျင်းပရာ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၈ဦးအား စခန်းမှူး ရဲအုပ်ဝင်းနိုင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။

ရထားရဲတပ်စု

အလားတူ လက်ပံတန်း ရထားရဲတပ်စုတွင်လည်း ဇွန် ၁၁ရက် နံနက် ၉နာရီက ရထားရဲတပ်စု(၂)ခန်းမ၌ ကျင်းပရာ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း တပ်ဖွဲ့ဝင်သားသမီး ၁၅ဦးတို့အား ရထားရဲတပ်ခွဲ ၁၀ တပ်ခွဲမှူး ဒုတိယရဲမှူးမောင်မောင်နှင့် တပ်စုမှူး ဒုတိယရဲအုပ်ဌေးလွင်တို့က ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ (၁၇၅)

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုတည်းတင်ပြသည်

အဖွင့်ပွဲစဉ်၌ ဒရော့ဘာ ပါဝင်ကစားမည်

လက်ဖျံရိုးကျိုးခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူထားသည့် အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာသည် ဇွန် ၁၅ရက်၌ အဖွင့်ပွဲစဉ်အဖြစ် ကစားရမည့် ပေါ်တူဂီနှင့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း အိုင်ဗရီကို့စ်အသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ပီယာလို ဒဏ်ရာသက်သာသဖြင့် ကစားနိုင်ပြီ

မက္ကဆီကိုနှင့် ခြေစမ်းပွဲတွင် ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့သော အီတလီ ကွင်းလယ်ကစားသမား ပီယာလိုသည် ဒဏ်ရာသက်သာသဖြင့် ဇွန်၁၄ရက်၌ ပါရာဂွေးနှင့် ကစားရမည့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း အီတလီအသင်းက ဇွန် ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ချီလီပရိသတ်များအတွက် အစိုးရက အထူးစီစဉ်ပေး

ကမ္ဘာ့ဖလားပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ချီလီအသင်းကစားသည့် ရက်များတွင် ဘောလုံးအသင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားပေးကြည့်ရှုနိုင်ရန် ဝန်ထမ်းများအား အလုပ်ချိန်လျှော့ပေါ့ကာ အထူးစီစဉ်ပေးထားကြောင်း ချီလီအစိုးရအာဏာရှိများက ဇွန် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

ဂရိဘောလုံးသမားများ ဒေါ်လာများ အခိုးခံရ

အာဖရိကနိုင်ငံ အမ်လန်ဂါမြို့ ဘီဗာလီဟီးလ်ဟိုတယ်၌ တည်းခိုနေသော ဂရိဘောလုံးအသင်းမှ ကစားသမားသုံးဦး အခန်းတွင် အမေရိကန်ဒေါ်လာ ၁၉၀၀ အခိုးခံခဲ့ရကြောင်း အမ်လန်ဂါရဲတပ်ဖွဲ့က ဇွန် ၁၁ရက်၌ အတည်ပြုပြောကြားသည်။

ကိတ်ပ်တောင်းမြို့၌ ပရိသတ်ခြောက်ဦးဆေးရုံတင်ရ

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲကို ကြည့်ရှုရန်ရောက်ရှိနေသော ပရိသတ်များအား ဖီဖာက ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်ဖျော်ဖြေပွဲတစ်ရပ်ကို ကိတ်ဗ်တောင်းမြို့ ဂရင်းပါရာဒီကွင်း၌ ဇွန် ၁၀ရက်ညက ကျင်းပရာ ပရိသတ်များ တွန်းထိုးပြိုလဲကျမှုကြောင့် ပရိသတ်သုံးဦး ခြေထောက်ကျိုးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့တင်ပို့ကာ ဆေးကုသခံနေရကြောင်း ကိတ်ဗ်တောင်းမြို့ရဲတပ်ဖွဲ့က ဇွန် ၁၁ရက်၌ ပြောကြားသည်။

စပိန်အသင်းဖိုလ်လုပွဲရောက်မည်ဟု ဇာဗီးပြောကြား

စပိန်အသင်း ကွင်းလယ်ကစားသမား ဇာဗီးက ဇွန်၁၁ရက် နံနက်၌ သတင်းထောက်များနှင့်တွေ့ဆုံရာတွင် စပိန်အသင်းဖိုလ်လုပွဲတက်မည်ဟု အခိုင်အမာ ယုံကြည်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဒဏ်ရာသက်သာ၍ ကီးဝဲလ် ပါဝင်ကစားမည်

ဩစတြေးလျအသင်း ကွင်းလယ်ကစားသမား ကီးဝဲလ်၏ ဒူးဒဏ်ရာမှာ သက်သာနေပြီဖြစ်သဖြင့် ဇွန် ၁၃ရက်၌ ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ရမည့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ဩစတြေးလျအသင်းနည်းပြ ဗာဘက်က ဇွန် ၁၁ရက်၌ ပြောကြားသည်။

အင်္ဂလန်အသင်း အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်

အင်္ဂလန်အသင်းသည် အဖွင့်ပွဲစဉ်အဖြစ် မိမိတို့အမေရိကန်အသင်းနှင့် တွေ့ဆုံရခြင်းမှာ အကျပ်အတည်းနှင့် ရင်ဆိုင်ရခြင်းပင်ဖြစ်ကြောင်း အမေရိကန်အသင်း နောက်ခံလူ အိုဂူချီက ဇွန် ၁၁ရက်၌ သတိပေးပြောကြားလိုက်သည်။

ကိတ်ပ်တောင်းမြို့၌ ပရိသတ်နှစ်ဦးအား ပွဲကြည့်ခွင့်ပိတ်ပင်

တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့တွင် ကမ္ဘာ့ဖလားပွဲ လာရောက်ကြည့်ရှုသည့် နိုင်ငံတကာမှ ပရိသတ်အချို့အား မူးယစ်ရမ်းကားပြီး အနှောင့်အယှက်ပေးခဲ့သည့် အသက် ၂၅နှစ်အရွယ် လူငယ်နှစ်ဦးအား ကမ္ဘာ့ဖလားပြိုင်ပွဲများကျင်းပရာ ဘောလုံးကွင်းများအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ကို ပိတ်ပင်လိုက်ကြောင်း တောင်အာဖရိက အားကစားအရာရှိများက ဇွန် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

အင်္ဂလန်ပရိသတ်နှစ်ဦး ယာဉ်မတော်တဆမှုကြောင့် သေဆုံး

အင်္ဂလန်အသင်းကို အားပေးရန် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေသော အင်္ဂလန်ပရိသတ်နှစ်ဦးသည် ဂျိုဟန်နစ္စဘတ်မြို့အနီးတွင် ၎င်းတို့စီးလာသော ဘတ်စ်ကား မတော်တဆမှုဖြစ်ပွားခဲ့စဉ် သေဆုံးခဲ့ကြောင်း ဂျိုဟန်နစ္စဘတ်မြို့ ရဲတပ်ဖွဲ့က ဇွန် ၁၁ရက်၌ ပြောကြားသည်။

အကြိုဗိုလ်လုပွဲအထိ တက်ရောက်မည်ဟု ဂါနာနောက်ခံလူ ပြောကြား

ဂါနာအသင်းသည် လက်ရှိခြေစွမ်းအရ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်မည့် အနေအထားရှိကြောင်း၊ မိမိတို့ အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း ဂါနာ နောက်ခံလူ ဂျွန်ပင်ဆယ်က ဇွန် ၁၁ရက်၌ သတင်းထောက်များအား ပြောကြားသည်။

(အင်တာနက်)

ကျေးဇူးတင်ရှိခြင်း

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့တွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကချင်ပြည်နယ် ကိုယ်စားပြု မနောမြေဘောလုံးအသင်းအား ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သော May and Mark ကုမ္ပဏီမှ ဒေါ်ခေါင်နန်းအားလည်းကောင်း၊ လောင်ဗျစ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသာအောင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ နှင်းပွင့်ကုမ္ပဏီမှ ဒါရိုက်တာ ဦးငြိမ်းအေးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဦးမိုးဇက်အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း။

ဥက္ကဋ္ဌ ဦးဇခုန်ယိန်းဆောင်နှင့် အသင်းသားများ၊
မနောမြေဘောလုံးအသင်း။

ဇီဝမျိုးစုံ
မျိုးကွဲတွေကြွယ်ဝဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မြေရောင်းမည်

ကလောမြို့၊ တောင်ပေါ် ရှုခင်းသာဟိုတယ် (ဘေးမှ) မြေကွက်များ ရောင်းရန်ရှိပါသည်။

စုံစမ်းရန် (ရုံးချိန်)-
ရန်ကုန်(ဖုန်း)-၀၁-၂၄၂၆၇၁၊ ၂၅၀၆၀၂၊
ကလော(ဖုန်း) ၀၈၁-၅၀၃၄၆၊ ၅၀၃၈၁။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (လွိုင်ကော်)တွင် မော်တော်ဆိုင်ကယ်မောင်း ရက်တိုသင်တန်း အမှတ်စဉ် (၇/၂၀၁၀)ကို မေ ၁၄ ရက်မှ ၁၆ရက်အထိ ဖွင့်လှစ်ခဲ့ရာ ယာဉ်အန္တရာယ် မဖြစ်ပွားရေးအတွက် ဆောင်ရန်/ရှောင်ရန် အချက်များကို ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ် စာတွေ့ လက်တွေ့ ပို့ချစဉ်။ (ပြည်နယ် ကညန)

တပ်မတော်ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇွန် ၁၁

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် ဗိုလ်မှူးချုပ်သူရမြင့်သိန်း (ငြိမ်း)သည် ကစားဖော်များ ဖြစ်ကြသော ဗိုလ်မှူးချုပ်မော်သိန်း (ရေ၊ ငြိမ်း)၊ ဗိုလ်မှူးကြီးထွန်းအောင် (ငြိမ်း)၊ဒုတိယဗိုလ်မှူးကြီးကျော်လင်း (ရေ၊ ငြိမ်း)နှင့် ဒေါ်ခင်သီတာဦး တို့နှင့်အတူ ဇွန် ၄ရက်က ဂေါက်သီးရိုက်ကစားကြရာ ဗိုလ်မှူးချုပ်သူရမြင့်သိန်း (လေ၊ ငြိမ်း) သည် ဘောလုံးအမျိုးအစား(Srixon Soft feel No.1)အား သံတုတ်နံပါတ် (Honma Twin mark Iron No.7)ဖြင့် ကျင်းနံပါတ်(၂)သို့ ၁၄၈ ကိုက် အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်လျက်ရှိရာ မေ ၈ရက်က တာချီလိတ်မြို့ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဖေ့လေလန်ကျေးရွာစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းမှ ရေရရှိမှုအခြေအနေကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးကျော်သူနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၁၃ရက် က ကင်မွန်းကုန်း ကျေးရွာနှင့် အကယ်ချောင်းဝကျေးရွာများသို့ မြစ်ကြောင်းမှတစ်ဆင့် သောက်သုံးရေဂါလန် ၃၂၀၀ ဖြန့်ဖြူးပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ရော်ဘာစိုက်ပျိုးမှုနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာသင်တန်းလားရှိုး၌ဖွင့်

လားရှိုး ဇွန် ၁၁

ရော်ဘာစုပေါင်းစိုက်ပျိုးမှုနှင့် စိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် လွယ်လန့်ကျေးရွာအုပ်စု နောင်ဖော့ကျေးရွာရှိ ခြံရှင် ဦးကျော်စိုး၏ ဧက ၅၀ စိုက်ခင်းတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တိုးချဲ့နည်းပညာပေးလုပ်ငန်းအဖြစ် ဇွန် ၁ ရက်မှ ၃ ရက်အထိ ဒေသခံ ခြံလုပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တက်ရောက်

စုပေါင်းစိုက်ပျိုးပွဲနှင့် နည်းပညာပေး သင်တန်းကို ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦး၊ လားရှိုးခရိုင်မန်နေဂျာ ဦးမင်းအောင်ဝင်းနှင့် နှစ်ရှည်ပင်ဌာနမှ နည်းပြ ဝန်ထမ်းများဖြစ်သော ဦးမျိုးညွန့် (ဒုတိယကြီးကြပ်ရေးမှူး)၊ ဦးကျော်မင်းဦးတို့က သင်ကြားပို့ချပေးပြီး သင်တန်းသား သင်တန်းသူ ခြံလုပ်သား ၃၀ခန့် တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပေးပို့လှူဒါန်းသော လယ်ယာစီးပွား သတင်းဂျာနယ်များ၊ သုတ၊ ရသစာစောင်များ၊ နေ့စဉ်ထုတ် သတင်းစာများကို နောင်ဖော့ကျေးရွာ စာကြည့်တိုက်သို့ အလှူရှင် ကိုယ်စား လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ အတွင်းရေးမှူး ဦးသိန်းဟန်က ပေးအပ်ရာ ဒေါ်နန်းခမ်းစိန် လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

အများသိစေရန်

ကျွန်တော် ဦးအောင်မိုး ၁၂/ဒလန(နိုင်) ၀၃၂၀၆၂က ၁၀-၆-၂၀၀၉ရက်တွင် နိုင်ငံပိုင်မြေ ဦးစန်းမောင်ရွှေ၌ ဦးလွင်ဦး ၁၂/မရက(နိုင်)၀၁၁၈၃၀အား မှတ်ပုံတင်အမှတ် ၁၀၀၃/၆၊ ၂၀၀၉ ဖြင့်လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၁-၆-၂၀၁၀ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်မိုး ၁၂/ဒလန(နိုင်)၀၃၂၀၆၂။**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် စာစီစာကုံး၊ ပန်းချီ (ပိုစတာ)ပြိုင်ပွဲကို အင်းစိန် အလက(၁၀) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ လက်ထောက်ပညာရေးမှူး ဦးသီလ၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (သတင်းထောက်စဥ့်ကူစိုးဝင်း)နှင့် ကျောင်းအုပ်ဆရာမကြီးတို့ ကြည့်ရှုအားပေးစဉ်။ (၁၁၃)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး သထုံမြို့နယ်၌ စုပေါင်းဆောင်ရွက်

သထုံ ဇွန် ၁၁

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက်၊ ဘင်လှိုင်ရပ်ကွက်နှင့် ပေါ်တော်မူကျေးရွာများအတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုပေါင်းကာ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ဖုန်း၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်၊ ရေစည်၊ ရေအိုးများအတွင်း အဘိတ်ဆေးများခတ်ခြင်းလုပ်ငန်းများကို မေ ၂၃ရက်က လိပ်အင်းရပ်ကွက်နှင့် ပေါ်တော်မူကျေးရွာ၊ မေ ၂၉ရက်က ဘင်လှိုင်ရပ်ကွက်တို့တွင် ကွင်းဆင်း၍ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဆွေဆွေဝင်းတို့ ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်တိုက်မှုဖြစ်ပွား

ဇွန် ၁၀ ရက် နံနက်က ရန်ရှင်းလမ်း ကျောက်ကုန်းဘက်မှ လာသည့် လိုက်အေ့စ်ဗင်ပစ်ကပ် ၈ဃ/၃၁၀၃ ယာဉ်မောင်း မောင်ဝေဖြိုးလွင် မောင်းနှင်လာသည့်ကားနှင့် ရန်ကုန်ဘက်သို့ သွားမည့် (ဃ)ယာဉ်လိုင်း ဘီအမ်ကား ၁ခ/၆၄၀၀ ယာဉ်မောင်း ဦးထွန်းထွန်းဝင်း မောင်းနှင်လာသည့်ကားတို့ ရန်ကင်းမြို့နယ် ၁၂ လုံးတန်း မီးပွိုင့်တွင် တိုက်မိပြီး ရပ်ထားသော ၁၇၄ ပါရမီကား ၆ခ/၂၇၂၅ ကို တိုက်မိခဲ့စဉ်။ (၁၇၀)

ကန့်ကွက်နိုင်ကြောင်း

နေပြည်တော် ပျဉ်းမနား၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂၊ ပေါင်းလောင်း(၂)၊(၁၉)လမ်းရှိ မြေကွက်အမှတ် ၆၈၂+၆၈၃+ ၇၇၁+၇၇၂၊ ပေ(၄၀×၆၀)၊ မြေကွက်လေးကွက်အား ဒေါ်နော်ကြူကြူဝင်း ၁၂/အလန(နိုင်) ၀၂၁၀၈၉က ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်း တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ၈-၇-၂၀၁၀ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ဖခင်အမည်မှန်

စမ်းချောင်း အထက(၃) တက္ကသိုလ်ဝင်တန်း (D) မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် ၁၂/ကမရ(နိုင်)၁၈၄၄၉၈ ဖြစ်ပါသည်။ **ဦးဝင်းကျော်။**

ရွှေကျင်မြို့နယ် ရွာမကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေးဟောပြော

ရွှေကျင် ဇွန် ၁၁

ပဲခူးခရိုင် ရွှေကျင်မြို့နယ် သံဆိပ်ကျေးရွာအုပ်စု ရွာမကျေးရွာ၌ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန၏ ငါးသယံဇာတ ထိန်းသိမ်းရေးဟောပြောပွဲကို မေ ၂၂ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်တိုးက ငါးသယံဇာတထိန်းသိမ်းရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျောင်းအပ်နှံရေးနေ့ သိန်းနီ၌ ကျင်းပ

သိန်းနီ ဇွန် ၁၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် သိန်းနီမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီက မြို့နယ်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ညွန့်ညွန့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက ကျောင်းနေအရွယ် သူငယ်တန်းကလေးငယ်များအတွက် ဗလာစာအုပ်ဒါဇင် ၅၀နှင့် ခဲတံဒါဇင် ၃၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

12-6 (13).pmd 1 6/12/2010, 3:34 AM

ရေသင်းဝင်၊ ချယ်ရီ၊ ယူကလစ်အပင် ၂၂၀၀၀ကျော် ဟားခါးမြို့တစ်ခွင် စုပေါင်းစိုက်ပျိုး

ဟားခါး ဇွန် ၈

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ ချင်းပြည်နယ် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ချင်းပြည်နယ် ဟားခါးမြို့ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ရက် နံနက် ၇နာရီမှ ၉နာရီအထိ ရန်းတောင် တောင်ခြေ၌ ကျင်းပသည်။

တက်ရောက်

ယင်းသစ်ပင်စိုက်ပွဲတော်သို့ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနေဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်သစ်တောဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်နိုင်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ အင်အားစုစုပေါင်း ၁၅၀၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဦးနေဝင်း၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် စိုက်ကွင်းအတွင်း သတ်မှတ်နေရာများ၌ သစ်ပင်များ တပျော်တပါးစိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပွဲတော်တွင် ရေသင်းဝင်၊ ချယ်ရီ၊ ယူကလစ်၊ စိန်ပန်းနှင့် ပိတောက်ပင်ပေါင်း ၂၂၀၀၀ကျော် စိုက်ပျိုးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ ဆက်)

ကျောင်းအပ်နှံရေးအခမ်းအနား လပွတ္တာ၌ကျင်းပ

လပွတ္တာ ဇွန် ၆

လပွတ္တာခရိုင် လပွတ္တာမြို့ (၃)မိုင်မြို့သစ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ခဲ့သော အခြေခံပညာအလယ်တန်းကျောင်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်တွင် ယင်းကျောင်းဆောင်သစ် ခန်းမဆောင်၌ ကျင်းပခဲ့ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးမောင်ကြည်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး အလယ်တန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ် အစုံ၂၀၁စုံ၊ မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ် ၆၅ စုံ ပေးအပ်ခဲ့သည်။ ယင်းနေ့ ကျောင်းအပ်နှံရေးနေ့တွင် အလယ်တန်းကျောင်းသား ကျောင်းသူ ၂၀၁ ဦး၊ မူလတန်းကျောင်းသား ကျောင်းသူ ၆၅ ဦး စုစုပေါင်း ၂၆၆ဦးကို ကျောင်းသားမိဘများက အပ်နှံခဲ့ကြပြီး ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကို မေ ၃၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး

ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်အရ ထန်းပင်ချောင်ကြီးကျေးရွာတွင် ဇွန် ၅ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံကျေးရွာပြည်သူများစုပေါင်း၍ ကျေးရွာလုံးကျွတ် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းနှင့် ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းကို ကျေးရွာအတွင်း စုပေါင်းဆောင်ရွက်ကြစဉ်။

(၁၇၆)

မြို့နယ်သတင်းထွေထွေ

သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

မြစ်ကြီးနား ဇွန် ၈

ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေး စီမံချက်ဖြင့် မြစ်ကြီးနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်လျက် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက ကြီးကြပ်ပြီး ဒူကထောင်ရပ်ကွက် တာဝန်ခံ သားဖွားဆရာမ ဒေါ်လွမ်းနောနှင့် သားဖွား ဆရာမများ၊ တာဝန်ခံသားဖွားဆရာမ ဒေါ်လှမင်းနှင့် သူနာပြု၊ သားဖွားသင်တန်းကျောင်းမှ သူနာပြု၊ သားဖွားသင်တန်းသူများ၊ ဒူကထောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆိုင်းခွမ်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ဇွန် ၅ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေတွင်း၊ ရေကန်များနှင့် နေအိမ်များအတွင်း ရေသိုလှောင်ထားရှိသည့် ပစ္စည်းများထဲသို့လည်း အဘိတ်ပိုးသတ်ဆေးမှုန့်များ ခတ်ခြင်း ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အောင်တိတ် - ဆိပ်သာကျောက်ချောလမ်းပေါ်ရှိ ညောင်ပင်ဂရက် အုတ်ခုံခံ သစ်သားတံတား တည်ဆောက်နေမှုကို မေ၁၆ရက်က မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

မန္တလေး ဇွန် ၉

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှု ကော်မတီတို့ ပူးပေါင်း၍ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ရက် နံနက်၉နာရီက ၂၉လမ်း တိုင်းမီးသတ်ဦးစီးဌာနတွင် ကျင်းပရာ မီးသတ်ဦးစီးဌာန အထက်မြန်မာပြည်ကွပ်ကဲမှုရုံး ညွှန်ကြားရေးမှူး ဦးမင်းဆွေ တက်ရောက်အားပေးသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးမှူး ဦးတင်မင်းက (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အကြိုမီးသတ်တပ်ဖွဲ့ဝင်များအား စုပေါင်းသွေးလှူဒါန်းရခြင်းကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ခုနစ်မြို့နယ်မှ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ဦးတို့က စုပေါင်းသွေးလှူဒါန်းရာ ညွှန်ကြားရေးမှူးဦးမင်းဆွေ၊ တိုင်းဦးစီးမှူးဦးတင်မင်း၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းတို့က သွေးလှူရှင်များအား တွေ့ဆုံအားပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မန္တလေးတိုင်းမီးသတ်ဦးစီးဌာနမှ အမျိုးသားသွေးလှူဘဏ်အတွက် အလှူငွေကျပ်သုံးသောင်း၊ အမျိုးသားသွေးလှူဘဏ်မှ မန္တလေးတိုင်းမီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ်နှစ်သောင်းပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးက သွေးအိတ် ၁၁၅အိတ်ကို အမျိုးသားသွေးလှူဘဏ်တာဝန်ခံထံ ပေးအပ်ပြီး သွေးလှူဘဏ်တာဝန်ခံက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အောက်ပုံ) (၀၉၀)

(၈၃) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက် ကျောက်မြောင်း ဘယသုဒ္ဓိလမ်း အမှတ် ၉၆နေ ဦးအေးဝင်း (လူမှုထူးချွန် တတိယဆင့်) ကာယဗလ၊ အလှလေ့ကျင့်ရေးပစ္စည်းနှင့် အလေးဝိတ်ပြားထုတ်လုပ်ရေး **(အပေါ်ပုံ)**သည် မေ ၁၉ရက်က အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပရေး တာချီလိတ်၌ ညှိနှိုင်းစည်းဝေး

တာချီလိတ် ဇွန် ၁၀

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ရဲမှူး (ဦးစီး) ရဲမှူးစိုးလင်းအောင်က ယခင် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားရှင်းလင်းကာ တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ **(ဝဲပုံ)** ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထူးမောင်တို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

(၀၁၆)

12-6 (15).pmd 1 6/12/2010, 3:34 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုအပေါ် စွပ်စွဲမှုပြုလုပ်ခြင်းမှာ အခြေအမြစ်မရှိ

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာသွားမည်

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည် -

မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်ပေါင်း(၂၀)ကျော်ကြာ သံတမန်အဆက်အသွယ် ပြတ်တောက်နေခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးမူဝါဒအရ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး ၂၆-၄-၂၀၀၇ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ပြန်လည်ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးနောက် မြန်မာနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွတ်လပ်၍

စာမျက်နှာ ၈ ကော်လံ ၁ ●

နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် မြန်မာနိုင်ငံက ကြိုးပမ်းလုပ်ဆောင်နေကြောင်း အယ်လ်ဂျာဇီးရားသတင်းဌာနက ထုတ်လွှင့်ဖော်ပြခဲ့

အဆိုပါ ထုတ်လွှင့်ချက်မှာ မှန်ကန်မှုမရှိ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ လီဆယ်လုပ်ကြံ ပုံကြီးချဲ့ဖန်တီးခဲ့မှုအပေါ် အခြေခံ၍ ထုတ်လွှင့်ခဲ့ခြင်းသာဖြစ်

နေပြည်တော် ဇွန် ၁၁

ကာတာနိုင်ငံ ဒိုဟာမြို့၌ ဌာနချုပ်ထားရှိပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဌာနခွဲတစ်ခု ဖွင့်လှစ်ထားသော အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားအစီအစဉ်က မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သတင်းများကို ဇွန် ၄ရက် မွန်းလွဲ ၁၂နာရီခွဲတွင် လည်းကောင်း၊ ဇွန် ၆ရက် နံနက် ၁နာရီခွဲနှင့် နံနက် ၉နာရီခွဲတွင် လည်းကောင်း၊ ဇွန် ၇ရက် ည ၈နာရီခွဲတွင် လည်းကောင်း၊ ဇွန် ၈ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ ဇွန် ၁၀ရက် နံနက် ၁နာရီခွဲနှင့် နံနက် ၉နာရီတွင် လည်းကောင်း အသီးသီး ထုတ်လွှင့်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍